ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 2 January 2019 ၉၁၁၉

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်းဆုရ "ဝ"စေတီ နောင်တော်ဘုရား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ရတနာစိန်ဖူးတော်ကို ပင့်ဆောင်၍ တောင်းဆုရ "ဝ" စေတီ နောင်တော်ဘုရားအား လက်ယာရစ် လှည့်လည်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ပူဇော်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငှက်မြတ်နားတော်ကို ပင့်ဆောင်၍ တောင်းဆုရ "ဝ" စေတီ နောင်တော်ဘုရားအား လက်ယာရစ်လှည့်လည်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ပူဇော်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

တောင်းဆုရ "ဝ" စေတီ နောင်တော်ဘုရား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အဆိုပါစေတီတော်ရင်ပြင် ယာယီမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျာပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယာယီမဏ္ဍပ်အတွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ တက်ရောက်မည်

စာမျက်နှာ » ၃

## ဗန်ကောက်မြို့တွင် ၁၂ နိုင်ငံမှ သံဃာတော်များနှင့် ပြည်သူများက နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနား ကျင်းပ

စာမျက်နှာ » ၅

## ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ နှစ်သစ်ကူး ဓမ္မသဘင်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ » ၆

## ၂၀၁၈ ခုနှစ်အတွင်း ပဲမျိုးစုံ တန်ချိန် ၁၄ သိန်းကျော်အထိ တင်ပို့နိုင်

စာမျက်နှာ » ၁၇



# ကြေးမုံ

## ကိုယ့်ကြမ္မာကိုယ်ဖန်တီး လွတ်လပ်သည့်နိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၇၁)နှစ် ပြည့်တော့မည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့ အခါကာလသို့ရောက်လေတိုင်း လွတ်လပ်ရေးနှင့်ပတ်သက်သည့် သမိုင်းကြောင်းအစဉ်အလာများကို ပြန်လည်ဖွင့်ချ အသိပေးနေကြသည်မှာ လွတ်လပ်ရေးကို နောင်လာနောက်သားများ ထိန်းသိမ်းစောင့်ရှောက်ကြရေးနှင့် လွတ်လပ်သည့်နိုင်ငံ တည်ဆောက်ရေးအတွက် မမေ့မလျော့ ရှိကြစေရန်ဖြစ်သည်။

လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ အသိအမြင်ပေးကြရာတွင် လွတ်လပ်ရေးဗိသုကာကြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍ ရမည်မဟုတ်ချေ။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်ပြတ်သားမှု၊ သွန်သင်ဆုံးမပဲ့ပြင်မှု၊ မြန်မာ့အနာဂတ်အရေးကို မြော်တွေးမှုတို့သည် ယနေ့ထက်တိုင်အောင်ပင် မရိုးနိုင်အောင်မှန်ကန်နေသည့် မှတ်သားလိုက်နာစရာများဖြစ်နေသောကြောင့်တည်း။

လွတ်လပ်ရေးဟူသည် သူတစ်ပါး၏ နှိုသက်ခံစိုံနေ၍ မရနိုင်၊ မိမိတို့အားကို မိမိတို့ကိုးပြီး မိမိတို့ဘာသာ ကြိုးပမ်းရမည်ဟူသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်မှုသည် လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလမှသည် ယနေ့ကာလအထိတိုင် ငြင်းမရအောင်မှန်ကန်နေသော မိန့်မှာချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်အောင် ဖက်ဆစ်အကူအညီယူခဲ့သည်။ သို့သော် ဟန်ပြသာဖြစ်သည်။ ကျွန်ဘဝဖြင့်သာ အနှိပ်စက်ခံနေခဲ့ရသည်။

ထိုအခါ ဖက်ဆစ်ကိုတော်လှန်ပြီး အနှစ်သာရပြည့်ဝသည့် လွတ်လပ်ရေးပေးမည့်သူကို ရှာရပြန်သည်။ နယ်ချဲ့ကို နှစ်ကျော့ပြန်အသုံးချရသည်။ နယ်ချဲ့နှင့်လက်တွဲ၍ ဖက်ဆစ်ကိုတော်လှန်ရသည်။ ပြီးသောအခါ နယ်ချဲ့အင်္ဂလိပ်ထံမှ အနှစ်သာရရှိသည့် လွတ်လပ်ရေးကို မရရသည့်နည်းဖြင့် တောင်းယူခဲ့သည်။ လွတ်လပ်ရေးအတွက် ဖက်ဆစ်အကူအညီ၊ နယ်ချဲ့အကူအညီ ယူခဲ့သည်ဆိုသော်လည်း လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ဖြင့် မြန်မာပြည်သူတစ်ရပ်လုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခဲ့ခြင်းသာ ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးသော အချိန်အခါတွင်လည်း "လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး စီမံကိန်းတွေကို အမျိုးမျိုးသောနည်းတွေနဲ့လုပ်မှ၊ စကားခပ်ရိုင်းရိုင်းပြောရရင် အတော်ကိုပြဲအောင်ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ အနှစ် ၂၀ လောက်ရှိတဲ့အခါ တော်ကာကျမယ်၊ တခြားလွတ်လပ်တဲ့နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်းလေးငါးဆယ်လှမ်း လိုက်နိုင်မှ နောင် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် တန်းတူညီတူဖြစ်သွားမယ်။ တန်းတူညီတူ မဖြစ်သမျှကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူမြင်တဲ့အခါ မျက်နှာချိုသွေးရ၊ ဒီလူမြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့" ဟု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရပြီး အခြေအနေကို ကြိုတင်မြော်တွေး ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြည်သူလူထုသို့ နောက်ဆုံးပြောကြားခဲ့သောစကားမှာ မှန်ကန်နေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် သူတစ်ပါးအကူအညီ ယူခဲ့သည်ဆိုသော်လည်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး ယူခဲ့ခြင်းသာဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသောအခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကိုယ်တိုင်ဖန်တီးခဲ့ကြ၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့သည်။

နောက်ပိုင်းတွင်မူ တိုင်းပြည်စီးပွားရေး နိမ့်ကျမှု၊ စည်းလုံးညီညွတ်ရေးပျက်ပြားမှုတို့ကြောင့် နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ခဲ့ရသည်။ သို့သော် အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဗိသုကာကြီးကို ချစ်မြတ်နိုးသော သားသမီးများလက်ထက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်၊ လမ်းညွှန်ချက်ကို လက်တွေ့အကောင်အထည်ဖော်နေကြပြီ။ သူတစ်ပါး၏ နှိုသက်ခံစိုံမနေဘဲ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနေကြပြီ။ သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သည့် လွတ်လပ်ရေးနှင့်ထိုက်တန်သောနိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နည်းပညာတက္ကသိုလ်(သန်လျင်)မှ ဆရာ ဆရာမများနှင့်တွေ့ဆုံ




**ရန်ကုန် ဇန်နဝါရီ ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နည်းပညာတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)၊ ဆရာ ဆရာမများ၊ ဆရာသမဂ္ဂများနှင့် တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (သန်လျင်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နည်းပညာတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာသိဂ်ီက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှု၊ ကျောင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် သုတေသန ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နည်းပညာတက္ကသိုလ် (သန်လျင်)မှ ဆရာ ဆရာမများ၏ သင်ကြားသင်ယူမှုများ၊ သုတေသနဆောင်ရွက်နေမှုများ၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နေမှုများအပေါ် အားရမိကြောင်း၊ ထိုသို့မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်ကောင်းများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန် အားလုံးတွင်တာဝန်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်လိုစိတ်များကို လက်တွေ့ကျကျ အထောက်အကူပြုပြီး လက်တွေ့အသုံးချနိုင်သည့် ဘာသာရပ်များ၏ အောင်ချက်ရာခိုင်နှုန်းများကိုလည်း လေ့လာဆန်းစစ်ရန်လိုအပ်ကြောင်း၊ ဘွဲ့ရလူငယ်မောင်မယ်များ၊ အင်ဂျင်နီယာပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ၊ သုတေသနပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေနံအင်ဂျင်နီယာဌာနရှိ စာသင်ခန်း၊ လက်တွေ့သင်ထောက်ကူပစ္စည်းများ၊ အိုင်စီတီခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်း၌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း**

တွေ့ဆုံစဉ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်၏ သင်ကြားသင်ယူမှုလုပ်ငန်းများ၊ အားကစားနှင့် အနုပညာ သင်တန်းများဖွင့်လှစ်ထားမှု၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ၊ ဘာသာရပ်ဌာနအလိုက် သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းသုံးစက်ပစ္စည်းနှင့် ဆေးပေးခန်းလိုအပ်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၁** (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ (အငယ်တန်း) ကို ယနေ့ နံနက် ၉ နာရီက ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်ရာ ပြိုင်ပွဲဝင် ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂန့်ဂေါမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ တက်ရောက်အားပေးကြပြီး ဆုများကို ဇန်နဝါရီ ၄ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇန်န် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် ပဟောဒဗျူလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ တောင်းဆုရ “ဝ”စေတီ နောင်တော်ဘုရား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြပြီး နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ပက်ဖျန်းကြဖြန့်ချည်နှောင်**

ဆရာတော်၊ သံဃာတော်များက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်တော်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဧည့်ပရိသတ်များက နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်းကြဖြန့်ချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က စေတီတော်၏ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငှက်မြတ်နားတော်၊ သာသနာ့တံခွန်တိုင်၏ စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

**ပို့ဆောင်ပူဇော်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဗွန်းဘုံတော်များ၊ ဆပ်သွားဖူးတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် ရွှေခေါင်းလောင်းတော်များကို ပင့်ဆောင်၍ တောင်းဆုရ “ဝ” စေတီ နောင်တော်ဘုရားအား လက်ယာရစ်လှည့်လည်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ပူဇော်ကြသည်။

**မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်**

ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို ပရိတ်နံ့သာရည်၊ အောင်စံပယ်ပန်း၊ အောင်သပြေပန်းများဖြင့် ပက်ဖျန်းချိတ်ဆွဲကြပြီး မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်ကြသည်။ မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှေးထုံးကျမ်းဂန်နှင့်အညီ စေတီတော်အထွတ်၌ အစီအစဉ်အတိုင်း တင်လှူပူဇော်ကြပြီး ရွှေထီးတော်ကို ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် သာသနာ့တံခွန်တိုင်၌ ရွှေထီးတော်၊ ဆပ်သွားဖူးတော်၊ ဗွန်းဘုံတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို လက်ဆင့်ကမ်းတင်လှူပူဇော်ကြပြီး ပရိတ်နံ့သာရည်၊ **စာမျက်နှာ ၄ သို့ »»**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရတနာရွှေမောင်းတော်ကို တီးခတ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရတနာခေါင်းလောင်းတော်ကို တီးခတ်စဉ်။

# ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ တက်ရောက်မည်

**မိတ္ထီလာ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်အတွင်းရှိ အရှေ့မြင်အနောက်မြင်တောင်နှင့် ဟိုပုံးမြို့နယ်အတွင်းရှိ မဲနယ်တောင် တောင်တက်ခရီးစဉ် နှစ်ခုတက်ရောက်ပြီးလျှင် ပူတာအိုမြို့နယ်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင် အမြင့်ပေ ၁၁၉၂၀ ပေါ်သို့ မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

“မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့ရဲ့ တစ်နှစ်တာ နောက်ဆုံးတောင်တက်ခရီးစဉ်တွေအဖြစ် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အရှေ့မြင်အနောက်မြင်တောင် အမြင့် ၇၇၅၂ ပေသို့ ဇန်နဝါရီ ၅ ရက်မှာ တက်ရောက်မှာဖြစ်ပါတယ်။ ဖေဖော်ဝါရီလထဲမှာ ဟိုပုံးမြို့နယ်အတွင်းက မဲနယ်တောင်တန်းဒေသရှိ အမြင့်ပေ ၈၀၀၀ ခန့်ရှိတဲ့ လွယ်မိုင်းတောင်ပေါ်ကို တက်ရောက်သွားမှာ ဖြစ်ပါတယ်။ အရှေ့မြင်အနောက်မြင်တောင်နဲ့ မဲနယ်တောင် တောင်တက်ခရီးစဉ်နှစ်ခုတက်ရောက်ပြီးရင် ပူတာအိုမြို့နယ်အတွင်းမှာရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင် အမြင့်ပေ ၁၁၉၂၀ ကို တက်ရောက်မှာဖြစ်ပါတယ်”ဟု မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့မှ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီး အတွေ့အကြုံရှိသူ ဒေါက်တာမြတ်မင်းကပြောသည်။

မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့၏ တောင်တက်ခရီးစဉ်များကို United Pharma ကုမ္ပဏီက ပံ့ပိုးကူညီနေပြီး ဖုန်ကန်ရာဇီရေခဲတောင် တောင်တက်ခရီးစဉ်အတွက်လည်း အထူးပံ့ပိုးကူညီမည်ဖြစ်သည်။ မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့၏ အဓိကဆောင်ပုဒ်မှာ “သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပါ၊ တောင်တက်ခရီးစဉ်တိုင်းတွင် မိမိတို့အဖွဲ့က မည်သည့်အမှိုက်မျိုးကိုမှ စွန့်ပစ်ခဲ့ခြင်းမရှိစေရ” ဖြစ်သည်။ တောင်တက်ခရီးစဉ်တိုင်းတွင် အဖွဲ့ဝင်တိုင်း အရက်သေစာ မူးယစ်သောက်စားခြင်းမပြုရန် အဓိကတားမြစ်ထားပြီး တားမြစ်ချက်ကို မလိုက်နာပါက တောင်တက်အဖွဲ့ဝင်အဖြစ်မှ အမြဲတမ်းထုတ်ပယ်မည် ဖြစ်သည်။ တောင်တက်ခရီးစဉ်သွားရောက်သည့် ဒေသတိုင်းတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံလူနာများအား တောင်တက်အဖွဲ့ဝင်များထဲမှ ဆရာဝန်များက အခမဲ့ဆေးကုသမှုပေးခြင်း၊ အဖွဲ့မှစုပေါင်းကောင်းမှုဖြင့် လှူဒါန်းငွေနှင့် လှူဒါန်းဒါနပြုခြင်းများ ဆောင်ရွက်သည်။

မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့တွင် အဖွဲ့ဝင် ၁၀၀၀ ကျော်ရှိပြီး တောင်တက်ခရီးစဉ်များတွင် တောင်တက်အဖွဲ့ဝင် ၁၄၀ နှင့် ၂၀၀ ဝန်းကျင်ခန့် အမြဲတမ်းလိုက်ပါတက်ရောက်ကာ ၂၀၁၈ ခုနှစ်တွင် ပုပ္ပားတောင်၊ ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခရွှေတောင်၊ စိန်ခနောက်မြခနောက်တောင်တို့ကို တက်ရောက်ခဲ့သည်။

၂၀၁၉ နှစ်ဆန်းပိုင်းတွင် အရှေ့မြင်အနောက်မြင်တောင်၊ မဲနယ်တောင်နှင့် ဖုန်ကန်ရာဇီရေခဲတောင် ခရီးစဉ်များကို ဆက်လက်တက်ရောက်ကာ နွေရာသီကာလတွင် အဖွဲ့တောင်တက်ခရီးစဉ်များကို ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်ကြစဉ်။

»» စာမျက်နှာ ၃ မှ

တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်း ပူဇော်ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီးဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် သာသနာ့တံခွန်တိုင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး ရတနာ ရွှေမောင်းတော်နှင့် ရတနာခေါင်းလောင်းတော်တို့ကို တီးခတ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက တောင်းဆုရ “ဝ”စေတီ နောင်တော်ဘုရားအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် မြစ်ကြီးနား-မန္တလေးရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားဘူတာ၌ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားဘူတာမှ ရထားဖြင့် ပြည်ထောင်၊ မရမ်း၊ နမ္မတီး၊ မိုးကောင်းနှင့် ပင်းဘောဘူတာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘူတာများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပင်းဘောနှင့် နန်းခွင်ဘူတာကြား မိုင်တိုင်(၆၆၀/၁၄-၁၅)တွင် အရှည်ပေ ၂၀ တံတားကို ပေ ၄၀ တံတားအဖြစ် တိုးချဲ့တည်ဆောက်မည့်နေရာနှင့် နန်းခွင်ဘူတာရှိ သံလမ်းများကို ကိုးချောင်းဆက်ရန် EIC ဂဟေစက်ရုံတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟိုပင်၊ မိုးညှင်း၊ နန်းစီးအောင်နှင့် နဘားဘူတာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို မှာကြားသည်။

ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကောလင်းဘူတာ၌ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး ကိုးထောင်ဘို့နှင့် ထန်းတပင်ဘူတာတို့တွင် သံလမ်းများကို စက်များဖြင့် ကိုးချောင်းဆက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း၌ သံလမ်းဆက်ခြင်းလုပ်ငန်းများ ပြီးစီးပါက ရထားမောင်းနှင်ချိန်ကို လျှော့ချပြေးဆွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ခင်ဦး)၌ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုရန် ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**



# အမျိုးသမီးလိဂ်တွင် မြဝတီနှင့် အား/ကာဦးစီးဌာနအသင်း သရေကျ

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း သရေပွဲကြုံတွေ့ခဲ့သည်။

**မြဝတီ - တစ်ဂိုး**
**အား/ကာဦးစီးဌာန - တစ်ဂိုး**

လက်ရှိချန်ပီယံ မြဝတီအသင်းအတွက် မထင်မှတ်သည့်သရေပွဲဖြစ်ခဲ့ပြီး အား/ကာဦးစီးဌာနအသင်းနှင့် သရေကျခဲ့သည်။ မြဝတီအသင်းသည် ချန်ပီယံဆုအတွက် ဖိအားပေးနိုင်သည့် အသင်းတစ်သင်းဖြစ်သော အား/ကာသိပ္ပံအသင်းနှင့်ပွဲတွင် အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် သရေကျခဲ့သောကြောင့် ဖိအားဝင်သွားခဲ့ရသည်။ အား/ကာဦးစီးဌာနအသင်းသည် မြဝတီအသင်းထံမှ အမှတ်ရယူနိုင်ရန် အားထည့်ကစားခဲ့ပြီး ဦးဆောင်ဂိုးပေးလိုက်ရသော်လည်း ချေပဂိုးပြန်သွင်းနိုင်ခဲ့သည်။ ခုနစ်မိနစ်တွင် ဝင်းသီဂီထွန်းက မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၄ မိနစ်တွင် ကေဇင်မြင့်က အား/ကာဦးစီးဌာနအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၅) ဒုတိယနေ့ကို ဇန်နဝါရီ ၂ ရက်တွင် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြဝတီအသင်းသည် သရေကျခဲ့သောကြောင့် သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရွှေပြည်သာမြို့နယ်တွင် သုတရသ စာပေစကားဝိုင်းနှင့်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတွင် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက သုတရသ စာပေစကားဝိုင်းနှင့် ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

စာပေစကားဝိုင်းနှင့် ဆွေးနွေးပွဲတွင် ရွှေပြည်သာ မော်ကွန်းစာပေမှ အယ်ဒီတာချုပ် ကိုထွန်း (ကျယ်ဂေါင်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာများဖြစ်ကြသည့် နိုင်ဘောဂလှဝင်း (တက္ကသိုလ်မောင်သက်စိန်)၊ မော်ကျွန်းရဲနိုင်၊ မောင်မိုးဦး (တစ်မျက်နှာ ဝတ္ထုတို)တို့က ဝတ္ထုရေးသားခြင်းအကြောင်း၊ သုတရသ ခြားနားပုံ၊ တစ်မျက်နှာဝတ္ထုတိုအကြောင်းနှင့် ကဗျာရေးသားခြင်းအကြောင်းတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

“တစ်လတစ်ကြိမ်လောက်တော့ ဒီထက်ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားမှာပါ။ စာပေချစ်မြတ်နိုးစိတ်တွေ မြှင့်တင်ပေးဖို့ ရည်ရွယ်တာပါ”ဟု ဦးဆောင်ဆွေးနွေးသူ ရွှေပြည်သာမော်ကွန်းစာပေမှ အယ်ဒီတာချုပ် ကိုထွန်း (ကျယ်ဂေါင် )က ပြောသည်။

ဆွေးနွေးပွဲအပြီးတွင် စာရေးဆရာများက ၎င်းတို့ရေးသားခဲ့သည့် စာအုပ်အချို့အား အပြန်အလှန် လက်ဆောင်ပေးအပ်ခဲ့ကြောင်းနှင့် စာပေစကားဝိုင်းဆွေးနွေးပွဲသို့ ဒေသခံစာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၃၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်တောင်ဘက်သို့ ရွေ့လျားလျက်ရှိသည်။

**မိုး/ဇလ**

**စာပေ မြှင့်မှ လူမျိုး တင့်မည်**

# မှူခင်းလျော့နည်းစေရေး အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁**

ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး အနီးကပ်ကြီးကြပ်၍ ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က ဝဏ္ဏဒီပရပ်ကွက်မွှောရုံတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ဒေသခံများကို မှုခင်းလျော့နည်းစေရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအသိပညာပေး ဟောပြောရာတွင် ၂၀၁၈ ခုနှစ်အတွင်း ပုဗ္ဗသီရိမြို့နယ်၌ ဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်ပွားမှု ဖြစ်စဉ်များနှင့် ဖြစ်ပွားရသည့် အကြောင်းအရာများကို ဒေသခံများကို ရှင်းလင်းပြောကြားပြီး ၂၀၁၉ ခုနှစ်တွင် ထိုကဲ့သို့ မဖြစ်ပွားစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို အသေးစိတ်လမ်းညွှန်မှာကြားကာ ဒီဇင်ဘာ ၃၁ ရက် ညတွင် လူသွားလူလာများပြားသည့်အတွက် ပုဗ္ဗသီရိမြို့ အငြိမ်းစားဆေးရုံအနီး အပါအဝင်မြို့နယ်တွင် လူစည်ကားရာနေရာများ၌ ည ၇ နာရီမှ ည ၁၁ နာရီအထိ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ဗန်ကောက်မြို့တွင် ၁၂ နိုင်ငံမှ သံဃာတော်များနှင့် ပြည်သူများက နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနား ကျင်းပ






**ရန်ကုန် ဇန်နဝါရီ ၁**
နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များ ပါဝင်သည့် နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီမှစတင်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆာနမ်လွန်တွင် ကျင်းပသည်။

**တက်ရောက်**

နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၁၆ ပါး၊ ဗဟိုသံဃဝန်ဆောင် ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သံဃနာယကဆရာတော်များအပါအဝင် သံဃာတော် စုစုပေါင်း ၃၁ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ အပါအဝင် လူပုဂ္ဂိုလ်စုစုပေါင်း ၂၆ ဦးတို့နှင့် ၁၂ နိုင်ငံမှ သံဃာတော်များ အပါအဝင် ထိုင်းနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံ Sanam Luang Pavilion တွင် ကျင်းပပြုလုပ်သည့် The New Year's Eve Chanting & Meditation for Happiness in 2019 (ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်ကူးအကြိုဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနား)ကို နိုင်ငံ ၁၂ နိုင်ငံမှ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူများ စုပေါင်းကျင်းပခဲ့ကြခြင်းဖြစ်သည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်




**ရန်ကုန် ဇန်နဝါရီ ၁**
ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်(၀) ပတ်ဝန်းကျင်၌ ပြုလုပ်သည်။

စုပေါင်းအမှိုက်ကောက်ပွဲ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လမ်းများတွင် အမှိုက်များကို သန့်ရှင်းရေးလုပ်ခြင်းဖြင့် မိမိတို့၏ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အုပ်တစ်ချပ်သဲတစ်ပွင့်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ အမှိုက်များကို ပုံမှန်ကောက်ခြင်းဖြင့် မိမိတို့၏ တက္ကသိုလ်များတွင် ပုံမှန်ဆောင်ရွက်သွားပါက အမှိုက်ကင်းစင်ခြင်းဖြင့် ဂုဏ်သိက္ခာရှိသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်သိက္ခာရှိသော နိုင်ငံသူ နိုင်ငံသားများအဖြစ် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများသည် အဖွဲ့လေးဖွဲ့ခွဲ၍ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်(၀)ပတ်ဝန်းကျင်ရှိ လမ်းဘေးဝဲယာတစ်လျှောက် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ကောက်ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့နှင့် စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**
ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့နှင့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ရတနာသိယ်ခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များ၊ ပြင်ပပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ခံများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာချာလီသန်းက Quality Assurance and Public Service Institutions စာတမ်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာယဉ်မျိုးသူက Primary of Universal Norms over Particular Norms in International Relations စာတမ်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီလာကြူက Domestic Violence in Myanmar စာတမ်း၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာလဲ့လဲ့ဝင်းက The Role of Myanmar Poems in Environmental Aesthetic စာတမ်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကျောင်းအုပ်ကြီး/ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာနမ့်ခင်သင်းစုက An Analysis of the capacity development of faculty members from CICS (Lower Myanmar) စာတမ်း၊ စီမံ/ဘဏ္ဍာဌာနကြီးမှူး ဦးတင်ရွှေက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများစာတမ်း၊ စီမံခန့်ခွဲမှုပညာဌာနမှ တာဝန်ခံ တွဲဖက်ပါမောက္ခ ဦးသန်းမြင့်ဌေးက Old Public Administration to New Public Management စာတမ်း၊ စီးပွားရေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်မင်းမင်းစန်းက Myanmar Sustainable Development Plan(2018-2030) and Micro, Small and Medium Enterprises (MSMEs)in Myanmar စာတမ်းတို့ကို ဖတ်ကြားကြသည်။

ထိုသို့ စာတမ်းဖတ်ပွဲကျင်းပရခြင်းသည် သင်ကြားပို့ချသူ ဆရာများ၏ ပို့ချမှုအရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် ပို့ချမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ လေ့ကျင့်သင်ကြားမှုနှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားကြခြင်းဖြစ်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ (၅၄)နှစ်မြောက် တက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာတမ်းဖတ်ကြားပွဲကို ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**



# ကော့သောင်းဘိုးဘွားရိပ်သာနှင့် မလိဝမ်းကျေးရွာရှိ ရွှေတောင်ဦးပရဟိတဂေဟာများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ထောက်ပံ့

**ကော့သောင်း ဇန်နဝါရီ ၁**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ရှိ ကော့သောင်းဘိုးဘွားရိပ်သာ၌ မသန်စွမ်းဘိုးဘွားများအပါအဝင် ဘိုးဘွားများအတွက် အလှူငွေကျပ် ၃၁၀၀၀၀ နှင့် ခြုံစောင်များ၊ အသက် (၁၀၄)နှစ်ရှိ အဘွားအတွက် သီးခြားထောက်ပံ့မှုများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မလိဝမ်းကျေးရွာရှိ ရွှေတောင်ဦးပရဟိတဂေဟာရှိ မသန်စွမ်းကလေးများအပါအဝင် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ၊ အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးအပ်သည်။

အဆိုပါ ပရဟိတဂေဟာတွင် မွေးကင်းစနှင့် လသားအရွယ်များအပါအဝင် ရင်ခွင်မဲ့ကလေး ၂၉၅ ဦးကို စောင့်ရှောက်ပေးလျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးသည် ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်နိုင်ရန် ရှေးဦးအရွယ်ကလေးသူငယ်များ စနစ်တကျ ပြုစုပျိုးထောင်နိုင်ရေး၊ အစိုးရ၊ အခြားလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပရဟိတဂေဟာ ဆရာတော် ဘဒ္ဒန္တကုန္ဒသာရအား လျှောက်ထားဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ နှစ်သစ်ကူးဓမ္မသဘင်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် အခမ်းအနားကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**နာယူကြည်ညို**

ထို့နောက် ဥက္ကဋ္ဌဆရာတော်က "ဘာကို ပေးလှူရမလဲ" အမည်ရှိ တရားတော်အား ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တရားနာပရိသတ် တစ်သိန်းနှစ်သောင်းခန့်က ရိုသေစွာ နာယူကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နှစ်သစ်ကူးအလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက် ဖြစ်ပြီး တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး အစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်**

နှစ်ဦးဓမ္မသဘင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းက "ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ အစိုးရသစ်တက်လာတဲ့ အချိန်ကစပြီး နှစ်သစ်မှာ တရားပွဲတွေ ကျင်းပဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ နှစ်ဦးအချိန်အခါမှာ နိုင်ငံသူနိုင်ငံသားတွေအားလုံး ဆရာတော်ကြီးတွေရဲ့ ဆုံးမဩဝါဒနဲ့အညီ တစ်နှစ်တာကာလပတ်လုံး နေနိုင်ဖို့အတွက်၊ ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝဖို့အတွက် ရည်ရွယ်ပြီး ကျင်းပတာ ဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်ဖို့ အတွက်လည်း ဆပ်ကော်မတီတွေ ခွဲပြီး လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ရပါတယ်။ ဒီတရားပွဲကြီးက အကြီးမားဆုံးတရားပွဲကြီး ဖြစ်ပါတယ်။ မနှစ်ကဆို တစ်ရက်တည်း တစ်သိန်းခြောက်သောင်း လောက်အထိ လာတာကို တွေ့ရပါတယ်။ ဒီနှစ်လည်း လာရောက်တရားနာယူသူ အခုဆို တစ်သိန်းကျော်နေပါပြီ။ လာရောက်တရားနာယူတဲ့ ပုဂ္ဂိုလ်တွေ အဆင်ပြေစေဖို့အတွက် အလှူရှင်တွေက စတုဒိသာကိုလည်း သိန်းပေါင်း ၁၅၀၀ လောက် အကုန်အကျခံပြီး လှူဒါန်းကျွေးမွေးပါတယ်" ဟု ပြောသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ဇန်နဝါရီ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပြီး ဇန်နဝါရီ ၂ ရက် ညတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၃ ရက် ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက လည်းကောင်း တရားတော်များကို ဟောကြား ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်သို့ လာရောက်တရားနာသူများ အဆင်ပြေစေရန် စီစဉ်ထားရှိမှုနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီမှ ဦးမောင်မောင်ကျော်က "သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ခရိုင်အလိုက် အရှေ့ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်း၊ မြောက်ပိုင်းခရိုင်တွေအပြင် တရားနာမယ့် ရဟန်းရှင်လူတွေအတွက် အခမဲ့ Taxi တွေကော၊ ပရဟိတအဖွဲ့ ဖြစ်တဲ့ MCU က ကိုဇော်ဝင်းအောင်တို့ ကူညီတာရော၊ နောက် သယ်ယူပို့ဆောင်ရေးနဲ့ ချိတ်ဆက်ပြီး YBS တွေကိုလည်း တရားနာပရိသတ်တွေ အတွက် အဆင်ပြေအောင် စီစဉ်ပေးရပါတယ်။ YBS က အစီးရေ ၁၂၀ ရှိပြီး ပရဟိတ Taxi တွေနဲ့ကူညီတာက အစီးရေ ၆၀ ရှိပါတယ်။ အပြန်ကို ကူညီမယ့် Taxi အဖွဲ့တွေက အစီးရေ ၄၀၀ ရှိပါတယ်။ မီနီဘတ်စ်အနေနဲ့ အခမဲ့ ကူညီတာ အစီးရေ ၂၀ ရှိပါတယ်"ဟု ပြောသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်သို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့်

**စာမျက်နှာ ၁၃ သို့** ❁



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပထမနေ့ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်။



ဦးရှိန်ဝင်း



ဦးမောင်မောင်ကျော်



ဒေါ်မျိုးကြည်



ဒေါက်တာဌေးလွင်



ဦးအောင်စိုး



တရားတော်နာလာရောက်ကြသည့် ဓမ္မမိတ်ဆွေများအား အလှူရှင်များက အာဟာရဒါနများ လှူဒါန်းနေကြစဉ်။




ဆေးခန်းများတွင် တရားပွဲလာပြည်သူများအား စမ်းသပ်ကုသပေးစဉ်။

"လွတ်လပ်ရေး ဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့"

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာကစားနည်း ဖန်ခုန်ခြင်း ဓာတ်ပုံ - ကြည်မျိုးသက်

# မြန်မာ့လွတ်လပ်ရေး ရာဇဝင်မော်ကွန်း

## အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာခြင်း

ကောင်းစျာန်သိမ်း

မြန်မာမျိုးချစ်တိုင်းရင်းသားများသည် နယ်ချဲ့အင်္ဂလိပ်တို့ကို လက်နက်စွဲကိုင်တော်လှန်ခြင်းအား ရပ်ဆိုင်းလိုက်ပြီးနောက် အမျိုးသားရေးဘက်သို့ ခြေဦးလှည့်ကြသည်။ စည်းလုံးညီညာခြင်းနည်းဖြင့် တိုက်ပွဲစစ်ဦးကို လှည့်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံး၍ ဝါးအစည်းပြေခဲ့သော လူမျိုးကို စည်းရုံးကြသည်။ မြန်မာ့ယဉ်ကျေးမှုကို ဂုဏ်ယူခြင်းဖြင့် စိတ်ဓာတ်တင်းထားကြသည်။ ခေတ်ပညာများနှင့် ရှေးဟောင်းပညာများ အစုံအလင်တတ်ကျွမ်းမှ အင်္ဂလိပ်ကိုအန်တုနိုင်မည်ဟု နားလည်ကြသည်။ ပညာဘက်၌ ကြိုးပမ်းကြသည်။ လွတ်လပ်ရေးတိုက်ပွဲကို စွန့်လွှတ်ခြင်းမပြု၊ စစ်ဦးပြောင်းခြင်းသာဖြစ်သည်။

### အမျိုးသားခေါင်းဆောင်များ မွေးထုတ်

၁၈၉၇ ခုနှစ်တွင် မန္တလေးမြို့၌ ဗုဒ္ဓသာသနနုဂ္ဂဟအသင်းကို စတင်တည်ထောင်ပြီး အမျိုးသားခေါင်းဆောင်များမွေးထုတ်သည်။ ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓကလျာဏယုဝအသင်းကြီး ပေါ်ပေါက်လာသည်။ ခေတ်ပညာတတ်လူငယ်များအားလုံး အားပေးခဲ့သည်။ အသင်းကြီးသည် ရန်ကုန်မြို့တွင်သာမက နိုင်ငံအနှံ့ပျံ့နှံ့သွားသည်။ ထို့နောက် ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးကို တိုးချဲ့ဖွဲ့စည်းသည်။ အမျိုးသားရေး၊ နိုင်ငံလွတ်လပ်ရေး ကိုယ်ပိုင်လွတ်လပ်ရေးတို့ကို ကြိုးပမ်းကြသော ဝံသာနုခေတ်အစ ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဟောပြောလှုံ့ဆော်ကြသော ခေါင်းဆောင်များတွင် ဆရာတော်ဦးဥတ္တမသည် ထင်ရှားကျော်ကြားသော ရှေ့ဆောင်လမ်းပြဖြစ်သည်။




### တစ်တိုင်းပြည်လုံးက အားပေးခဲ့ကြ

၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့သည်။ အမျိုးသားပညာရေးအတွက် ကျောင်းသားကြီးတို့ ဦးဆောင်၍ သပိတ်မှောက်ခြင်းဖြင့် လူမျိုးခြားအုပ်စိုးသူတို့ကို တော်လှန်ခြင်းဖြစ်သည်။ တစ်တိုင်းပြည်လုံးက အားပေးခဲ့ကြသည်။ အောင်ပွဲဆင်နိုင်သောတိုက်ပွဲ၊ လွတ်လပ်ရေးသို့ ချီတက်သောလမ်းကြောင်းပေါ်တွင် ထင်ရှားသောမှတ်တိုင်ဖြစ်ခဲ့သည်။ ထိုမှ ဆက်လက်၍ လွတ်လပ်ရေးသို့ ချီတက်ခဲ့ခြင်းသည် ရပ်နားခဲ့သည်မရှိခဲ့ချေ။ လူထုနည်းဖြင့် စည်းရုံးညီညာစွာ တစ်သံတည်းတောင်းဆိုရာမှ လူမျိုးခြားတို့က နာခံရသည်။ မြန်မာများအဖို့ စည်းလုံးညီညာခြင်းသည်အင်အား၊ ထိုအင်အားဖြင့် ကြိုးပမ်းလျှင်အောင်မြင်သည်။ အင်အားမဲ့က ဆုံးရှုံးရသည်ကို လက်တွေ့သင်ခန်းစာရခဲ့သည်။

၁၉၃၀ ပြည့်နှစ်နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော ဆရာစံတော်လှန်ရေး၊ ရေနံမြေအလုပ်သမားအရေးတော်ပုံတို့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို အရှိန်အဟုန်ပြင်းပြင်းနှင့် တွန်းပို့ပေးနိုင်ခဲ့သည်။ ထိုအချိန်ကာလ အမျိုးသားရေး စိတ်ဓာတ်ထက်သန်နေချိန်တွင် ဒို့ဗမာဝါဒကြေညာစာတမ်းများ ပေါ်လာသည်။ ဗမာပြည်သည် ဒို့ပြည်၊ ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကား၊ ဒို့ပြည်ကိုချစ်ပါ၊ ဒို့စာကိုချီးမြှင့်ပါ၊ ဒို့စကားကိုလေးစားပါဟု နှိုးဆော်လာကြသည်။ အင်္ဂလိပ်လူသုံးကုန်ပစ္စည်းများကိုမသုံးရန်လည်း သပိတ်မှောက်ကြသည်။

### အရေးပါသော အဖွဲ့အစည်းဖြစ်

၁၉၃၄-၁၉၃၅ ခုနှစ်က နိုင်ငံရေးတွင် စိတ်ပါသောလူငယ်များ ရန်ကုန်တက္ကသိုလ်၌ ဆုံမိကြသည်။ ၁၉၃၆ ခုနှစ်တွင် ဒုတိယအကြိမ်ကျောင်းသားသပိတ်ကြီး ထပ်မံပေါ်ပေါက်သည်။ သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များသည် နောင်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၌ ထင်ရှားသောခေါင်းဆောင်များ ဖြစ်လာကြသည်။ ထိုခေတ်ကာလက ဒို့ဗမာအစည်းအရုံးသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးပါသော အဖွဲ့အစည်းဖြစ်သည်။

ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲခဲ့သော်လည်း မြန်မာလွတ်လပ်ရေးအတွက် ရည်မှန်းကြိုးပမ်းရာတွင် တူညီမှုရှိသည်။ လွတ်လပ်ရေးရရှိရန် စွန့်စွန့်စားစားလုပ်ကိုင်မည်၊ အနစ်နာခံမည်၊ အဆင်းရဲခံမည်၊ လမ်းများရှာကြမည်၊ လက်နက်ကိုင်အင်္ဂလိပ်ကို လက်နက်ဖြင့်သာ တော်လှန်မည်ဟူသည့် အမြင်ချင်းလည်းတူကြသည်။ သခင်များ၊ ကျောင်းသားများ၊ လူငယ်များ၊ နိုင်ငံရေးသမားများ လက်နက်ကိုင်၍ တော်လှန်ရန် အသင့်ဖြစ်လာကြသည်။ ပြည်သူများကလည်း တော်လှန်ရေးတွင် ပါဝင်ရန် တစ်ခဲနက်ဖြစ်လာကြသည်။ ။

### ဝိုင်အမ်ဘီအေအသင်း စတင်တည်ထောင်သူ သုံးဦး


ဘကြီးဘဘေ ဆာမောင်ကြီး ဒေါက်တာဘရင်



ကြေးမုံ

# နှစ်သစ်ကူးရုံးပိတ်ရက် နိုင်ငံတစ်ဝန်း အထင်ကရနေရာများ၌ ခရီးသွားအပန်းဖြေကြသူများ၏ ပုံရိပ်များ



ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ- ပုသိမ်လှကြည်



ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကြောင့်ကမ်လာဘ်(ကျောက်ကလပ်)စေတီတော်သို့ လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- စောမျိုးမင်းသိန်း(ပြန်/ဆက်)



အင်းတော်ကြီးကန်အတွင်းရှိ ရွှေမဉ္ဇူရေလယ်ဘုရားသို့ လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- ငွေးအောင်



မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးသို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- မြောက်ဦးခရိုင်(ပြန်/ဆက်)




ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ဇီဝအဝန်းနယ်မြေသို့ လာရောက်ကြသူများဖြင့် စည်ကားနေသည်ကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ- ငွေးအောင်



မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- သန်းဇော်မင်း



ချင်းပြည်နယ်ရှိ အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်သို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- ရိခေါဒါရိ(ပြန်/ဆက်)



နှစ်သစ်ကူးရုံးပိတ်ရက်တွင် ကလောမြို့သို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ- ကျော်ဝင်း(ပြန်/ဆက်)

# ပညာရေးပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အခါမှာ ဆရာအရေအတွက်နဲ့ ဆရာမအရေအတွက် အတော်ကြီးကွာဟနေတာကြောင့် ပညာရေးကို အကောင်အထည်ဖော်တဲ့အခါ ပိုပြီးကောင်းလာအောင် မူဝါဒတွေ ချမှတ်ဖို့လိုပါတယ်

အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးကိုလေးဝင်း

## ပညာရေးတွင် ဆရာများ၏အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေးစကားဝိုင်း ကျင်းပ

သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်
ဓာတ်ပုံ- ဝင်းဝင်း

ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာတိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အလက(၉) အင်းစိန် ကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အထက (၄) သယ်န်းကျွန်းမှ အထက်တန်းပြဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-

**အစီအစဉ်မှူး။** ။ အခုလက်ရှိမှာ ဆရာများရဲ့အခန်းကဏ္ဍက ဘယ်လောက်အထိ အရေးပါသလဲဆိုတာ ပြောပြပေးစေချင်ပါတယ်။

**ဒေါက်တာသန်းဦး။** ။ ဒီနေ့ကမ္ဘာမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်လို့ခေါ်တဲ့ Sustainable Development Goals မှာ တိတိကျကျ အချက် ပန်းတိုင် ၁၇ ချက်ရှိတယ်။ အဲဒီ ၁၇ ချက်မှာ ပန်းတိုင်အမှတ် - ၄ က ပညာရေးပန်းတိုင်ဖြစ်ပါတယ်။ အဲဒီပန်းတိုင်မှာ အရည်အသွေးရှိတဲ့ ပညာကိုပေးဖို့ ဘဝတစ်သက်တာ ပညာအခွင့်အလမ်းဆိုတာ ပါလာပါတယ်။ ဒါက မှတ်သားလောက်ပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာအမျိုးသားပညာရေးမူဝါဒစီမံကိန်းရဲ့ မျှော်မှန်းချက်ကာလအားဖြင့် ၂၀၁၆ ခုနှစ်ကနေ ၂၀၂၁ ခုနှစ် အထိ အဲဒီ မျှော်မှန်းချက်မှာလည်း ကျွန်တော်တို့ တိတိကျကျ ဆရာများရဲ့အခန်းကဏ္ဍပါပါတယ်။ ၂၀၁၄ ခုနှစ် ပညာရေးဥပဒေမှာလည်း အခန်း (၉) မှာ ဆရာများရဲ့ အခန်းကဏ္ဍပါပါတယ်။ ဒါက ကျွန်တော်တို့ မူဝါဒအပိုင်းနဲ့ ပတ်သက်တာပါ။ နောက်ကျွန်တော်တို့ရဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံမှာ ဆရာကို အာစရိယဆရာ၊ သင်တဲ့ ဆရာ၊ ဥပဇ္ဈာယ် ဆရာ၊ ဆုံးမတဲ့ ဆရာဆိုပြီး ဆရာအား မြတ်မြတ်နိုးနိုး လေးစားတန်ဖိုးထားပြီးတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ရှိပါတယ်။ ဒါက အလွန်မွန်မြတ်တဲ့ ကိစ္စပါ။ ဆရာကို အနန္တဂိုဏ်းဝင်အဖြစ်ထားတဲ့ မြန်မာ့ယဉ်ကျေးမှု လူ့အဖွဲ့အစည်းပါ။

အဲဒီမှာ ဆရာလို့ ပြောလိုက်တဲ့အခါ ဆရာဆိုတာက အမျိုးသမီးဆရာရော၊ အမျိုးသားဆရာရော အကျုံးဝင်ပါတယ်။ အခု အမျိုးသားဆရာဦးရေ နည်းပါးလာတာနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါ နောက်ကြောင်းပြန်ကြည့်ပါတယ်။ အမျိုးသားဆရာနဲ့ အမျိုးသမီးဆရာများသည် ဘယ်လိုအခြေအနေရှိခဲ့လဲဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါ။ ဒုတိယ ကမ္ဘာစစ်မတိုင်မီက ကျောင်းသုံးမျိုး သုံးစားရှိပါတယ်။ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်း၊ မြန်မာဘာသာသင်ကျောင်းဆိုပြီး ပုဂ္ဂလိကကျောင်းတွေပါ ပါဝင်ပါတယ်။ အဲဒီမှာကြည့်ရင် ကျွန်တော်ကိုယ်တိုင်က အမျိုးသားကျောင်းသားပါ။ အဲဒီခေတ်က ကျွန်တော်တို့ဆရာတွေက အများအားဖြင့် ဆရာတွေများပါတယ်။ ဆရာမကတော့ အနည်းစုပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက် ဆရာလောကက ဆရာတွေ တော်တော်များများ အနားယူသွားကြတယ်။ ပြီးတော့မှ ပြန်စုစည်းပြီး အဲဒီကျတော့ ကျောင်းက နိုင်ငံတော်ကျောင်း၊ State School လို့ ခေါ်တယ်။

State Primary School၊ State Post - Primary School၊ မြန်မာလိုပြောရင်တော့ နှစ်ကျောင်းပဲ၊ နိုင်ငံတော်မူလတန်းကျောင်း၊ နိုင်ငံတော် မူလတန်းလွန်ကျောင်း၊ တန်းမြင့်ကျောင်းလို့လည်း ခေါ်တယ်။ အဲဒီမှာ ကျွန်တော်ကျောင်းနေခဲ့ရတယ်။ အဲဒီအချိန်ကို ပြန်ကြည့်တဲ့အခါ ဆရာဦးရေက နည်းနည်းလျော့သွားတာ တွေ့ရတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ နိုင်ငံတော်ကျောင်းတွေမှာ အဲဒီလို ဆရာတွေ လျော့သွားတာ သတိထားမိတယ်။ ကျွန်တော်ကိုယ်တိုင် ၁၉၅၄ ခုနှစ်မှာ အထက်တန်းကျောင်းအုပ်လုပ်တဲ့အခါ ကျွန်တော့်ကျောင်းမှာရော၊ အခြားကျောင်းတွေမှာရော ဆရာအထိုက်အလျောက် ရှိပါတယ်။ သို့သော် နည်းတယ်။ ၁၉၆၄ ခုနှစ်မှာ ဆရာအတတ်သင်ကျောင်းအုပ်လုပ်ခဲ့တယ်။ အဲဒီမှာလည်း သင်တန်းသားတွေကို သတိထားကြည့်မိတဲ့အခါ အမျိုးသားဦးရေက အထိုက်အလျောက်တော့ ရှိပါတယ်။ သို့သော် အမျိုးသမီးဦးရေက နည်းနည်းသာလွန်တာ တွေ့ရပါတယ်။

၁၉၆၄ ခုနှစ် နောက်ပိုင်းမှာ အမျိုးသားဆရာဦးရေက သိသိသာသာ လျော့ပါးပြီးတော့ အမျိုးသမီးဆရာများက သိသိသာသာ ဦးရေတိုးပွားလာတာကို တွေ့ရတယ်။ ဘာကြောင့် ဒီလိုအခြေအနေ ပြောင်းလာရလည်းဆိုတာကို ဒီစကားဝိုင်းကနေ အကြောင်းရင်းကိုရှာဖို့ လိုပါတယ်။ အကြောင်းရင်းကိုရှာပြီးရင် ကုစားနိုင်မယ့်နည်းလမ်းကို ဆွေးနွေးရှာဖွေနိုင်ဖို့ လိုလိမ့်မယ်လို့ထင်ပါတယ်။



ဒါက အခြေအနေကို အချုပ်အားဖြင့် တင်ပြခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ အမျိုးသားဆရာနဲ့ အမျိုးသမီးဆရာ မျှတဖို့ ဘာကြောင့် လိုအပ်လဲဆိုတာကို ဆရာကြီးအနေနဲ့ သုံးသပ်ပြောကြားပေးပါ။

**ဦးထွန်းလှ။** ။ အမျိုးသားဆရာနဲ့ အမျိုးသမီးဆရာ မျှတဖို့ လိုအပ်တဲ့အကြောင်းရင်းကတော့ ဆရာကြီးတို့ ပြောသွားသလို အမျိုးသားမူဝါဒစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်က ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘက်စုံပညာဖွံ့ဖြိုးတဲ့ ကလေးတွေ ပြုစုပျိုးထောင်ဖို့အတွက် အခြေခံကျောင်းတွေမှာ လိုအပ်နေတယ်လို့ ယူဆတာကြောင့် ကလေးတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့နေရာမှာ လက်တွေ့ပြုစုပျိုးထောင်ပေးနိုင်ဖို့က ကျွန်တော်တို့ ဆရာတွေလည်း လိုအပ်သလို ဆရာမတွေလည်း လိုအပ်တယ်လို့ ယူဆတာကြောင့် ဆရာ ဆရာမဦးရေ တိုးချဲ့ခန့်ထားပေးဖို့ လိုပါမယ်။

**အစီအစဉ်မှူး။** ။ ကနေ့ ဆွေးနွေးပွဲရဲ့ စကားဝိုင်းခေါင်းစဉ် ရွေးချယ်ဖြစ်ခဲ့ပုံနဲ့ လက်ရှိ ဆရာ ဆရာမ အရေအတွက် ဘယ်လောက်အထိ ကွာဟနေတယ်ဆိုတာလည်း သုံးသပ်ပြောကြားပေးပါ။

**ဦးကိုလေးဝင်း။** ။အခြေခံပညာကဏ္ဍမှာ ကျောင်းပေါင်း ၄၇၀၀၅ ကျောင်း ရှိပါတယ်။ အဲဒီကျောင်းတွေမှာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ် စတဲ့ သင်ကြားရေးတာဝန်ကို ယူရတဲ့ လူ့စွမ်းအားအရင်းအမြစ် ဆရာ ဆရာမတွေရဲ့ အရေအတွက်ကိုကြည့်လိုက်ရင် တစ်နိုင်ငံလုံးမှာ စုစုပေါင်း ၄၀၂၇၇၄ ယောက် ရှိပါတယ်။ အဲဒီမှာ ဆရာအချိုးနဲ့ ဆရာမအချိုးကိုကြည့်ရင် ကျားက ၁၇ ရာခိုင်နှုန်း၊ မက ၈၃ ရာခိုင်နှုန်း ရှိနေပါတယ်။

စောစောက ဆရာကြီး ဦးထွန်းလှ ဆွေးနွေးသွားတဲ့အထဲမှာလည်းပါပါတယ်။ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်က ဘက်စုံထူးချွန်တဲ့ ဗလငါးတန်နဲ့ ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းကလေးတွေ၊ ကမ္ဘာ့လူသားကောင်းကလေးတွေဖြစ်ဖို့ မွေးထုတ်လေ့ကျင့်တဲ့အခါ ဘက်စုံပညာရေးကိုသွားရင် ဆရာတွေလည်း အရေးကြီးသလို ဆရာမတွေလည်း အရေးကြီးပါတယ်။ ဆရာမအရေအတွက်က ကျောင်းတွေကို ကြည့်လိုက်တဲ့ အခါမှာ တချို့ကျောင်းတွေမှာ ဆရာမတွေပဲရှိပြီး ဆရာတစ်ယောက်မှမရှိတဲ့ ကျောင်းတွေလည်း တွေ့နေရတယ်။ အဲဒီလို တွေ့နေရတဲ့အခါမှာ ဆရာအရေအတွက်က သေချာပေါက် တိုးမြှင့်ခန့်ထားဖို့လိုနေပြီဆိုတာ အချက်အလက်တွေက ထောက်ပြနေတယ်။ ဒီလိုထောက်ပြနေတာဖြစ်တဲ့အတွက် စကားဝိုင်းတွေ တစ်နည်းအားဖြင့်ပြောရင် ပညာရေးကဏ္ဍမြှင့်တင်ရေး အစီအစဉ်တွေကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆- ၂၀၂၁ ကို အကောင်အထည်ဖော်တဲ့အခါမှာ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့အခါမှာ ဆရာအရေအတွက်နဲ့ ဆရာမအရေအတွက် အတော်ကြီးကွာဟနေတာကြောင့် ပညာရေးကို အကောင်အထည်ဖော်တဲ့အခါ ပိုပြီးကောင်းလာအောင် မူဝါဒတွေ ချမှတ်ဖို့လိုပါတယ်။

နောက်ပြီးတော့ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ပြည်သူလူထုကို အသိပေးဖို့လိုတာ ဖြစ်တဲ့အတွက် စကားဝိုင်းတွေကို ကျင်းပပေးဖို့ဆိုပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် မူဝါဒကို ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေကနေ ဒီပြည်သူတွေကို ဒီအချက်အလက်တွေကို အသိပေးဖို့ လိုတယ်။ ဒါကြောင့် ဒီစကားဝိုင်းကို ခေါင်းစဉ်အနေနဲ့ဆိုရင် ဆရာတွေရဲ့ အခန်းကဏ္ဍ၊ အခြေခံပညာရေးကဏ္ဍမှာ ဆရာတွေရဲ့ အခန်းကဏ္ဍနဲ့ အမျိုးသားဆရာတွေ ပိုပြီး တိုးမြှင့်ခန့်ထားဖို့အပြင် ဒီစကားဝိုင်းကနေ ပြည်သူလူထုက ကြည့်ရှုပြီးတော့မှ ဆရာဘဝကို မြတ်နိုးပြီး ဆရာတွေအနေနဲ့ ပညာရေးကဏ္ဍမှာပိုပြီး ပါဝင်လာစေဖို့အတွက် ရည်ရွယ်ပြီး စကားဝိုင်းကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာ ဆရာမ ရွေးချယ်ရေးအတွက် ဘယ်လိုတွေ စီစဉ်ဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးပါဦး။

**ဒေါက်တာအောင်အောင်မင်း။** ။ ကျွန်တော်တို့ ပညာရေးကောလိပ်တွေကို တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့သူတွေ တက်ရပါတယ်။ တက်ခွင့်ပေးတော့ ကျွန်တော်တို့ ရွေးချယ်တာက ဒီနှစ်မှာမှ မဟုတ်ပါဘူး။ ငါးနှစ်လောက်အတွင်းက အချက်အလက်တွေ ပြန်ကြည့်တဲ့အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်တာကိုက မိန်းကလေးအရေအတွက်က များပါတယ်။ အဲဒီအတွက် လျှောက်ထားတဲ့သူကလည်း မိန်းကလေးများပါတယ်။ ကျွန်တော်တို့ကျောင်းရဲ့ ဝင်ခွင့်ကို မနှစ်ကစပြီး ရွေးချယ်တာက မြို့နယ်အလိုက် အခြေခံပါတယ်။ မြို့နယ်မှာရှိတဲ့ မူလတန်းကျောင်းသားအရေအတွက် (ဥပမာဆိုရင် - ကမာရွတ်မြို့နယ်မှာရှိတဲ့ မူလတန်းကျောင်းသား အရေအတွက်ရယ်၊ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ မူလတန်းကျောင်းသားအရေအတွက်ရယ်၊ နောက် ဒီမြို့နယ်က တက်ရမယ့်ကျောင်းက ရန်ကင်းပညာရေးကောလိပ်ရဲ့ ဝင်ဆံ့အင်အား ဒီအတိုင်းခွဲပြီးတော့ မြို့နယ်အလိုက် ခွဲတမ်းချထားပါတယ်။ ဒီလိုချထားပြီးတော့မှ ဥပမာ ဒီမြို့နယ်က လူ ၂၀ တက်ရမယ်ဆိုရင် ကျွန်တော်တို့လည်း ဘာသာရပ်က စုံအောင်ခေါ်ရပါတယ်။ သိပ္ပံတွဲနဲ့အောင်လာတဲ့လူ၊ ဝိပ္ပံတွဲနဲ့ အောင်လာတဲ့လူ၊ ဝိဇ္ဇာတွဲနဲ့ အောင်လာတဲ့လူ အဲဒါဆိုရင် သိပ္ပံတွဲက ၃၀ ရာခိုင်နှုန်း၊ ဝိပ္ပံတွဲက ၄၀ ရာခိုင်နှုန်း၊ ဝိဇ္ဇာတွဲက ၃၀ ရာခိုင်နှုန်း၊ အဲဒီလို ၃၀၊ ၄၀၊ ၃၀ အချိုးနဲ့ ခေါ်ပါတယ်။ အဲဒီထဲကမှ သိပ္ပံနဲ့အောင်တဲ့လူ ၃၀ ရာခိုင်နှုန်းမှာ တစ်ဝက်က ယောကျ်ားလေး၊ တစ်ဝက်က မိန်းကလေး ဒီအတိုင်းရွေးပါတယ်။ ရွေးပေးမယ့် လျှောက်ထားတဲ့သူအရေအတွက်မှာ ယောကျ်ားလေးရှားပါးတဲ့အရေအတွက်က အဲဒီမှာ စတွေ့ပါတယ်။

ဥပမာအနေနဲ့ ပြောမယ်ဆိုရင် ဒီနှစ်လက်ရှိ ရွေးပြီးတော့ ကျောင်းစတက်နေပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ဝိဇ္ဇာဘာသာတွဲကလျှောက်ထားတဲ့ ယောကျ်ားလေးက ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာ ၃၁ ယောက် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးအတွက် တကယ်ရွေးချယ်ရမယ့် ခွဲတမ်းက ၁၀၉ ယောက်ရှိတယ်။ အဲဒီအတွက် ယောကျ်ားလေးလျှောက်ထားမှုနှုန်း နည်းနေတယ်။ အဲဒီအခါကျတော့ ရွေးတာက ဘယ်လို ရွေးသလဲဆိုတော့ ပထမဦးစားပေး ( ဥပမာပြောရရင် ) ကမာရွတ်မြို့နယ်မှာ ယောကျ်ားလေး ဦးရေလိုတယ်။ မြို့နယ်မှာ ယောကျ်ားလေး လျှောက်ထားမှုမရှိဘူးဆိုရင် ခရိုင်မှာရှိမလား ဆက်ရှာရတယ်။ ခရိုင်မှာမရှိဘူးဆိုရင် တိုင်းဒေသကြီးမှာ ဆက်ရှာတယ်၊ တိုင်းဒေသကြီးကျတော့ ကျွန်တော်တို့က မစဉ်းစားသေးဘူး။ အဲဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးလိုဟာမျိုးဆိုရင် သတ်မှတ်တဲ့ ယောကျ်ားလေးဦးရေက တစ်တိုင်းလုံးရှာတောင် မရနိုင်ဘူး ဖြစ်သွားတယ်။ တချို့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ပြည့်ပြည့်စုံစုံ ရှိပါတယ်။ ပိုလျှံပြီးတော့တောင် လျှောက်ပါတယ်။ စာရင်းဇယားတွေအရ ပြောလို့ရတာက ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးက ယောကျ်ားလေးတော်တော်များများက ဒီကျောင်းဆရာအလုပ်ကို လျှောက်ထားမှု အားနည်းတယ်။

နောက်ပြီး ကယားပြည်နယ်တို့လို၊ ရှမ်းအရှေ့ပိုင်းတို့လို နယ်နိမိတ်ဧရိယာမှာရှိနေတဲ့ အဖွဲ့တွေက ယောကျ်ားလေးတွေအနေနဲ့ လျှောက်ထားမှုနှုန်း နည်းပါးတယ်။ ကျွန်တော်တို့ ရွေးချယ်တာက မြို့နယ်ကို အခြေခံပါတယ်၊ ဘာသာရပ်ကို အခြေခံပါတယ်၊ မူလတန်းကျောင်းသားရှိနေတဲ့ နေရာကို အခြေခံပြီးတော့ ရွေးချယ်ပါတယ်၊ ကျား၊ မလည်း တန်းတူညီမျှ ရွေးချယ်ပါတယ်။

**အစီအစဉ်မှူး။** ။ ပညာရေးနယ်ပယ်မှာ ဆရာဖြစ်သင်တန်းတွေ လျှောက်ထားတဲ့အခါ လျှောက်ထားတဲ့ အခြေအနေကိုလည်း ပြောပြပေးပါ။

**ဒေါက်တာအောင်အောင်မင်း။** ။ ကျွန်တော်တို့က သတင်းစာတွေထဲကနေ လျှောက်လွှာခေါ်တဲ့အခါ သူတို့လျှောက်ထားကြတယ်။ ကျွန်တော်တို့အနေနဲ့က မူတွေချမှတ်ပြီး လုပ်တယ်။ အခက်အခဲတွေ့တာက ဒီနှစ် ဝိဇ္ဇာဘာသာတွဲမှာဆိုရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်တဲ့ ယောကျ်ားလေး ၅၉၁၄ ဦးရှိတယ်။ အဲဒီထဲကမှ ကျွန်တော်တို့ ပညာရေးကောလိပ်ကို တက်ပါမယ်ဆိုပြီး လျှောက်လာတဲ့ လူက ၃၄၆၃ ဦးရှိတယ်။ လျှောက်တဲ့ အနေအထားလည်း ကောင်းပါတယ်။ ကျွန်တော်တို့ လိုချင်တဲ့ အနေအထားကို ရတယ်။

ဒါပေမယ့် ကျွန်တော်တို့ရွေးချယ်တဲ့ မူကိုက မြို့နယ်ကို အခြေခံတာ။ အဲဒါက အဓိကကတော့ အရင်ကလေး၊ ငါး၊ ခြောက်နှစ်လောက်က ရွေးချယ်တာက တစ်နိုင်ငံလုံးကြိုက်တဲ့နေရာကို လျှောက်ခွင့်ပေးပါတယ်။ အမှတ်ကို အဓိကထားရွေးတယ်၊ အဲဒါကြောင့် ရန်ကုန်၊ မန္တလေးအောင်တဲ့လူက ရှမ်းပြည်နယ်ကို သွားရင်သွားမယ်၊ ကချင်ပြည်နယ်သွားရင်သွားမယ်။ အဲဒီမှာ ပညာရေးကောလိပ်တက်မယ်။ နောက်မူလတန်းပြ ဆရာလုပ်မယ်။ တစ်နှစ်၊ နှစ်နှစ် မူလတန်းပြဆရာလုပ်ပြီးတာနဲ့ အပြောင်းအရွှေ့လုပ်ပြီး မန္တလေးဘက်ကလာရင် မန္တလေးဘက် ပြန်သွားမယ်၊ ရန်ကုန်ဘက်ကလာရင် ရန်ကုန်ဘက်ပြန်သွားမယ်ဆိုတဲ့ အခြေခံပညာမှာ အပြောင်းအရွှေ့ကိစ္စက တော်တော်ကြီးကြီးမားမား ဆောင်ရွက်ရတာ၊ သူတို့ပြန်သွားတာနဲ့ ဟိုဘက်မှာ မူလတန်းပြဆရာတွေ မကျန်ခဲ့တော့ဘူး။

အဲဒါနဲ့ ကျွန်တော်တို့က နှစ်နှစ်ရှိပါပြီ။ ကျွန်တော်တို့ အခြေခံပြီးရွေးတာက မြို့နယ်အလိုက်ပဲလျှောက်၊ အဲဒီမြို့နယ်အလိုက်မှာပဲ အဲဒီမြို့နယ်နဲ့ သက်ဆိုင်တဲ့ ပညာရေးကောလိပ်မှာတက်ပြီးရင် အဲဒီပညာရေးကောလိပ်က ဆင်းလာတာနဲ့ အခြေခံပညာဦးစီးဌာနကလည်း သူ့မြို့နယ်အတွင်းမှာပဲ အတတ်နိုင်ဆုံး သူ့အိမ်၊ သူ့ရွာနဲ့ နီးတဲ့နေရာမှာပဲ တာဝန်ချထားပေးတဲ့အတွက် အပြောင်းအရွှေ့ကိစ္စမှာ အဆင်ပြေတယ်၊ အဲဒီမူလေးတွေနဲ့ ရွေးချယ်နေတာပါ။ **(ဆက်လက်ဖော်ပြပါမည်)**

# သူပြောလာသည့် လွတ်လပ်ရေးဖခင်ကြီးအကြောင်းနှင့် ပထမဦးဆုံးလွတ်လပ်ရေးနေ့

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်အား တွေ့ဆုံ၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းနှင့် ပထမဦးဆုံး လွတ်လပ်ရေးနေ့အခမ်းအနားမြင်ကွင်းတို့နှင့်ပတ်သက်၍ မေးမြန်းထားသည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွှန့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဖိုးထောင်**

(ယမန်နေ့မှ အဆက်)

**မေး။** ။မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ တွေ့ကြုံခဲ့ရတဲ့မြင်ကွင်းကို ပြောပြပေးပါဦးခင်ဗျာ။

**ဖြေ။** ။မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့နေ့မှာ တွေ့ကြုံခဲ့ရတဲ့ မြင်ကွင်းကို ပြန်လည်ပြောပြချင်ပါတယ်။ ကျွန်တော်အသက်လည်း ကိုးဆယ်ပြည့်ပြီးပါပြီ။ ကျွန်တော် သေသွားရင် ဒီစကားပြောမယ့်သူ မရှိတော့ပါဘူး။ သက်သေခံဓာတ်ပုံတွေနဲ့တကွ တင်ပြချင်ပေမယ့် ကျွန်တော်တို့တိုင်းပြည်အခြေအနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ကာလ အပျက်အစီးတွေကြောင့် ကျွန်တော့်မှတ်တမ်းတွေ မရှိတော့ပါဘူး။ ဟံသာဝတီသတင်းစာတိုက်လည်း ပျက်စီးခဲ့ပြီး ဓာတ်ပုံတွေ မရှိတော့ပါဘူး။ ရရာမှတ်တမ်းဓာတ်ပုံတွေကို သုံးပါ။ ကျွန်တော်မှတ်မိသလောက် ကျွန်တော့်ခေါင်းထဲ စွဲနေတဲ့အပိုင်းကို တင်ပြပါ့မယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရစကာလ အင်မတန်ကောင်းပါတယ်။ အခြေအနေတွေကို အသေးစိတ်တင်ပြနိုင်ရင် နောင်လာနောက်သားတွေအတွက် အင်မတန်အဖိုးတန်တဲ့ကိစ္စ ဖြစ်ပါမယ်။

ကျွန်တော်တို့လွတ်လပ်ရေးရတာ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်တဲ့ နိုင်ငံတော်အဖြစ်နဲ့ရပါတယ်။



ဟံသာဝတီ ဦးအုန်းကြိုင်

အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်တဲ့နိုင်ငံလို့ ပြောခြင်းဟာ ဗြိတိသျှကိုလိုနီဘဝကနေ လွတ်လပ်ရေးတောင်းဆိုကြတဲ့အခါ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံက ဒိုမီနီယံ စတေးတပ် တစ်နှစ်ယူပါတယ်။ ဗြိတိသျှရဲ့ ဩဇာခံအဖြစ်နဲ့ပါ။ ဗိုလ်ချုပ်ကတော့ လုံးဝလွတ်လပ်တဲ့၊ လွတ်လပ်မှုအပြည့်ရှိတဲ့ နိုင်ငံပဲယူမယ်။ ဘာမှမယူဘူးဆိုပြီး လုပ်ခဲ့တာပါ။

လွတ်လပ်ရေးကြိုးပမ်းမှုကိုပြောမယ်ဆိုရင် သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းခဲ့တဲ့ လွတ်လပ်ရေးကာလ ၇၁ နှစ်ရှိပါပြီ။ လွတ်လပ်ရေးအောင်ပွဲနေ့ အခမ်းအနားတွေလည်း ကျင်းပခဲ့ပါပြီ။ သို့သော် လွတ်လပ်ရေး ဘယ်လိုရလို့ ဘယ်လိုဖြစ်တယ်ဆိုတာကို ပြောတဲ့ပုဂ္ဂိုလ် အင်မတန်



**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့အခမ်းအနားတွင်တွေ့ရသည့် ဘုရင်ခံဆာဟူးဘတ်ရန့်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံး ယာယီသမ္မတစဝ်ရွှေသိုက်တို့ မြန်မာနိုင်ငံအလံအား အလေးပြုစဉ်။**

နည်းပါတယ်။ ဗိုလ်ချုပ်တို့ရယူခဲ့တဲ့ အချုပ်အခြာအာဏာလုံးဝအပြည့်အဝရှိတဲ့ လွတ်လပ်ရေးနေ့ ပထမဆုံးအကြိမ်ကျင်းပခဲ့တာ ကျွန်တော်ပြောပါမယ်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပါတယ်။ အဲဒီနေ့ဟာ ရန်ကုန်တစ်မြို့လုံး၊ တိုင်းပြည်တစ်ခုလုံး ကျေးလက်တောရွာမကျန် အားလုံး မအိပ်ဘဲနဲ့ တိုင်းသူပြည်သားတွေအကုန် စောင့်မျှော်နေကြတယ်။ လွတ်လပ်ရေးဆိုတာ ဘယ်လိုယူကြမလဲ၊ ဘာတွေ ဖြစ်ကြမလဲဆိုပြီး စောင့်နေတယ်။

ရန်ကုန်တစ်မြို့လုံးဟာ လွတ်လပ်ရေးနေ့အောင်ပွဲ အခမ်းအနားကျင်းပတဲ့ ပြာသိုလဆောင်းဦးနဲ့အတူ နှင်းမှုန်ကြားမှာ သာယာတဲ့ အသံတွေနဲ့ ဖုံးလွှမ်းပြီး မြို့သူ၊ မြို့သား ကလေးပါမကျန် အကုန်လုံး နိုးနေ၊ စောင့်နေကြတယ်။ ပထမဆုံးအကြိမ်ကျင်းပတဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားကို သုံးကြိမ်သုံးခါခွဲ ကျင်းပပါတယ်။ လွတ်လပ်ရေးရရှိပြီ၊ အချုပ်အခြာအာဏာပိုင်ပြီဆိုတဲ့ သရုပ်ကိုဖော်ပြတဲ့ နိုင်ငံတော်အလံလွှင့်တင်တာ၊ ဗြိတိသျှဘုရင်ခံချုပ် မြန်မာနိုင်ငံကထွက်ခွာတာ၊ လွှတ်တော်ကျင်းပတာ။ နိုင်ငံတော်သမ္မတနဲ့ အစိုးရအဖွဲ့ဖော်ဆောင်တာဆိုပြီးပါတယ်။

ကျွန်တော်တို့သတင်းစာသမားတွေလည်း အတွင်းဝန်များရုံးအလယ်မှာရှိတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရောက်ရှိနေပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရွေးကောက်ခံရတဲ့ အမတ်တွေအားလုံးရှိပါတယ်။ နောက် ယာယီအစိုးရအဖွဲ့ကို ခေါင်းဆောင်မယ့် နိုင်ငံတော်သမ္မတ ရှိပါတယ်။ ယာယီသမ္မတ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်လည်း ရှိပါတယ်။ ယာယီဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်မယ့် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၊ လွှတ်တော်ပါလီမန် ယာယီဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြ သူတို့လည်း အကုန်စောင့်နေတာပဲ။ အဲဒီအချိန်မှာ တပ်မတော်စစ်တီးဝိုင်း အဆင်သင့်ရှိတယ်။ ကရင်ရိုင်ဖယ် (ကရင်အမျိုးသားတပ်ဖွဲ့)က စစ်တီးဝိုင်းဖြစ်ပါတယ်။ ဗမာ့တပ်မတော်ကြည်းတပ်ဖွဲ့က လွှတ်တော်အရှေ့ မြက်ခင်းပြင်အလံတိုင်ရှိရာ ကွင်းအရှေ့ဘက်ထိပ်ဆုံးမှာ နေရာယူပါတယ်။ နောက် တပ်မတော်ရေက နေရာယူပါတယ်။ တပ်မတော်လေ နေရာယူပါတယ်။ နောက် အဲဒီကွင်းပြင်ထဲမှာ ရဲလက်နက်ကိုင်တပ်ဖွဲ့က နေရာယူပါတယ်။ ကရင်ရိုင်ဖယ် စစ်တီးဝိုင်းက တီးနေပါတယ်။ အဲဒီတုန်းက ရရာဖိတ်ကြားပြီးလုပ်တဲ့ မင်္ဂလာစည်တော်ကြီးအဖွဲ့က စည်တော်ရွှမ်းနေပါတယ်။

ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေက အုန်းမောင်းတွေ ခေါက်ကြတယ်။ ကြေးစည်တွေရိုက်တယ်။ ခရုသင်းတွေ မှုတ်ကြတယ်။

ကျွန်တော်တစ်ခုသတိရတာက နိုင်ငံတော်သမ္မတကြီးရဲ့ ဝတ်စားဆင်ယင်လာပုံပါ။ နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ပုဂ္ဂိုလ်က ရှမ်းအမျိုးသား ဖြစ်ပါတယ်။ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ရှမ်းဝတ်စုံဝတ်တယ်။ ခေါင်းပေါင်း ပိုးပဝါပန်းနုရောင်လေးမှာ ရွှေချည်ထိုးထားပါတယ်။ တိုက်ပုံအင်္ကျီအဖြူ ဝတ်ပါတယ်။ ပန်းနုရောင်တောင်ရှည်ပုဆိုး မန္တလေးပိုးလုံချည် ဝတ်ပါတယ်။ ဝန်ကြီးချုပ် သခင်နုကလည်း စကော့ဈေးလို့ခေါ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးထည်တိုက်ကရောင်းတဲ့ မောင့်ကျက်သရေခေါင်းပေါင်း ပန်းနုရောင်လေး ဆောင်းပါတယ်။ ပန်းနုရောင်တိုက်ပုံ၊ ပန်းနုရောင်တောင်ရှည် မန္တလေးပုဆိုး ဝတ်ပါတယ်။ အလားတူ လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြကလည်း အဲဒီလိုပဲဝတ်တာကို အဲဒီမြင်ကွင်းကို ပြန်သတိရလို့ပါ။

ကျွန်တော်တို့ အခမ်းအနားကျင်းပတဲ့ ရန်ကုန်အတွင်းဝန်များရုံး လွှတ်တော်ရှေ့ မြက်ခင်းပြင်မှာတော့ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့က ရှိနေတယ်။ သူတို့နဲ့အတူ လွှတ်တော်အမတ်တွေ၊ အရာရှိကြီးတွေ၊ အတွင်းဝန်တွေ အကုန်စောင့်နေတယ်။ နံနက် ၄ နာရီ မိနစ် ၂၀ မှာပဲ အလံတိုင်ရှေ့မှာရှိတဲ့ ယူနီယံဂျက်အလံကို ဗြိတိသျှအရာရှိတစ်ယောက်က ချပါတယ်။ ကျွန်တော်တို့ ဗမာ့ရေတပ်မတော်က ကရင်အမျိုးသား ဗိုလ်မှူးစောချစ်စိန်က ပထမဦးဆုံးသော ကြယ်ငါးပွင့်နဲ့ ပြည်ထောင်စုအလံကို အလံတိုင်ထိပ်မှာ တင်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ လွတ်လပ်ရေးနေ့အခမ်းအနား စတင်ကြောင်း ကြေညာလိုက်ပါတယ်။ နံနက် ၄ နာရီ ၄၅ မိနစ်ရောက်တာနဲ့ မင်းပရိသတ်အားလုံးဟာ လွှတ်တော်ခန်းမထဲကို ဝင်ကြပါတယ်။ နိုင်ငံတော်သမ္မတကြီးအဖြစ်ဆောင်ရွက်မယ့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ဝန်ကြီးချုပ် သခင်နု၊ လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြနဲ့ လွှတ်တော်အမတ်တွေ နေရာယူကြတယ်။ ယူပြီးတော့ နိုင်ငံတော်သမ္မတကြီးက လွှတ်တော်ရဲ့ ဥက္ကဋ္ဌ စင်မြင့်မှာ နေရာယူတယ်။

နေရာယူပြီးတာနဲ့ နိုင်ငံတော်သမ္မတရာထူးကို



နံနက် ၄ နာရီ ၁၅ မိနစ်လောက်မှာ နိုင်ငံတော်သမ္မတနဲ့ ဝန်ကြီးချုပ်တို့ အဆောင်အယောင်နဲ့ ထွက်လာပါတယ်။ အဲဒီအချိန်မှာ စည်တော်ရွှမ်းတာ ရပ်စဲသွားပြီး အချက်ပြမီးနီတစ်ချက်ပွင့်လာပါတယ်။ အားလုံး တိတ်ဆိတ်သွားတယ်။ ၄ နာရီ ၁၉ မိနစ် ရောက်ပါပြီ။ ၄ နာရီ မိနစ် ၂၀ ပြည့်တာနဲ့ မြန်မာပြည်ရဲ့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့် မြန်မာပြည်ကနေ ထွက်ခွာမယ့် အစီအစဉ်အရ စောင့်နေတဲ့ ဘာမင်ဟန် ခရူဆာစစ်သင်္ဘောက ရန်ကုန်မြစ်အတွင်းမှာ အသင့်စောင့်နေတယ်။ အဲဒီသင်္ဘောက အမြောက် ၁၇ ချက် ဖောက်တယ်။ ပစ်ဖောက်လိုက်တာနဲ့ ရန်ကုန်တစ်မြို့လုံးက သင်္ဘောတွေရော၊ စက်ရုံအလုပ်ရုံတွေရော ဥသြတွေဆွဲကြတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေက ခေါင်းလောင်းတွေထိုးတယ်။

လက်ခံသိမ်းပိုက်ကြောင်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ကြေညာတယ်။ နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားပါတယ်။ ပြီးတဲ့အခါ လွတ်လပ်ရေးတိုက်ပွဲမှာ ကျဆုံးသွားကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ မျိုးချစ်သူရဲကောင်း တိုက်ပွဲဝင်ရဲဘော်အပေါင်းအတွက် နှစ်မိနစ် ငြိမ်သက်စွာနေကြပြီး မေတ္တာပို့အမျှဝေပါတယ်။ အဲဒီမှာ သမ္မတကြီးက ယာယီအစိုးရအဖွဲ့ ဝန်ကြီးချုပ် သခင်နုထံ ရုံးတံဆိပ်အပ်နှံပါတယ်။ အလားတူ အခြားဝန်ကြီးတွေကိုလည်း ရုံးတံဆိပ် အပ်နှံတယ်။ အဲဒီမှာ လွှတ်တော်အမတ်တွေလည်း သူ့နေရာနဲ့သူ ထိုင်စောင့်နေတယ်။ တံဆိပ်တွေပေးပြီး အခမ်းအနား ပထမပိုင်းကို ရပ်ဆိုင်းပါတယ်။

စာမျက်နှာ ၁၁ သို့ ○

**၄ နာရီ မိနစ် ၂၀ ပြည့်တာနဲ့ မြန်မာပြည်ရဲ့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့် မြန်မာပြည်ကနေ ထွက်ခွာမယ့်အစီအစဉ်အရ စောင့်နေတဲ့ ဘာမင်ဟန် ခရူဆာစစ်သင်္ဘောက ရန်ကုန်မြစ်အတွင်းမှာ အသင့်စောင့်နေတယ်။ အဲဒီသင်္ဘောက အမြောက် ၁၇ ချက် ဖောက်တယ်။ ပစ်ဖောက်လိုက်တာနဲ့ ရန်ကုန်တစ်မြို့လုံးက သင်္ဘောတွေရော၊ စက်ရုံအလုပ်ရုံတွေရော ဥသြတွေဆွဲကြတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေက ခေါင်းလောင်းတွေထိုးတယ်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေက အုန်းမောင်းတွေ ခေါက်ကြတယ်။ ကြေးစည်တွေ ရိုက်တယ်။ ခရုသင်းတွေ မှုတ်ကြတယ်။**

○ စာမျက်နှာ ၁၀ မှ

### ဒုတိယပိုင်းအစီအစဉ်

ဒုတိယပိုင်းမှာက ဗမာပြည်ကို နှစ်ပေါင်း ၁၂၀ ကျော် အုပ်ချုပ်လာတဲ့ ဗြိတိသျှအစိုးရရဲ့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့် ဗမာပြည်က ထွက်ခွာတဲ့ အစီအစဉ်ပါ။ အဲဒီအစီအစဉ်ကိုတော့ ရန်ကုန်မြို့ ဝင်ဆာလမ်းမှာရှိတဲ့ ဘုရင်ခံအိမ်တော်ရှေ့က မြက်ခင်းပြင်မှာ ကျင်းပပါတယ်။ နံနက် ၆ နာရီ ၄၅ မိနစ်မှာ အခမ်းအနား စတင်ကျင်းပပါတယ်။ အိမ်တော်ထဲကနေ နိုင်ငံတော်သမ္မတကြီးနဲ့ ဘုရင်ခံထွက်လာတယ်။ မြက်ခင်းပြင်ရှေ့က စင်ကလေးပေါ်မှာ နေရာယူတယ်။ ဗြိတိသျှအလံကိုချတယ်၊ နိုင်ငံတော်အလံကိုတင်တယ်။ အဲဒီအချိန်မှာ ရန်ကုန်မြစ်ထဲက ဘာမင်ဟန် စစ်သင်္ဘောက အမြောက် ၁၇ ချက် ပစ်ဖောက်ပါတယ်။ ဘုရင်ခံက စင်ပေါ်ကနေ ဆင်းလာပြီး အစိုးရအဖွဲ့ဝင်တွေကို တစ်ယောက်ချင်းစီ နှုတ်ဆက်တယ်။ နှုတ်ဆက်ပြီး အိမ်တော်ကနေ ကားနဲ့ထွက်ခွာတယ်။ ပန်းဆိုးတန်းဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ ဘာမင်ဟန် သင်္ဘောပေါ်ကိုတက်သွားပါတယ်။ ဒါဟာ မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၂၀ ကျော်အုပ်ချုပ်ခဲ့တဲ့ ဗြိတိသျှတို့ရဲ့ နောက်ဆုံးဇာတ်သိမ်းတဲ့ အခမ်းအနားပါပဲ။

### တတိယပိုင်းအစီအစဉ်

အချုပ်အာဏာပိုင်နိုင်ငံအဖြစ်ကြေညာတဲ့ လွှတ်တော်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်မှာ ရန်ကုန်မြို့ အတွင်းဝန်များရုံးက လွှတ်တော်အစည်းအဝေးခန်းမမှာ ကျင်းပပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်အမတ်တွေ ကျမ်းသစ္စာဆိုပြီးနောက် ၁၀ နာရီခွဲမှာ နိုင်ငံတော်သမ္မတ ရောက်လာတယ်။ လွတ်လပ်ရေးနေ့မိန့်ခွန်းကို ပြောကြားတယ်။ ပြောကြားပြီးနောက်မှာ လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာက ပေးပို့တဲ့ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားတယ်။ ဗြိတိသျှ ဆဋ္ဌမမြောက် ဂျော့ဘုရင်ရဲ့ သဝဏ်လွှာကို ပထမဆုံးဖတ်ပါတယ်။ နန်းရင်းဝန် အက်တလီ သဝဏ်လွှာကိုဖတ်တယ်။ အမေရိကန်သမ္မတ ထရူးမင်းရဲ့ သဝဏ်လွှာကိုဖတ်တယ်။ အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ်နေရူးရဲ့သဝဏ်လွှာကိုဖတ်တယ်။ သုံး၊ လေး စောင်လောက်ဆက်ဖတ်ပြီး သဝဏ်လွှာဖတ်တဲ့ အခမ်းအနားပြီးတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက လွှတ်တော်မှာ အဆိုနှစ်ရပ် တင်ပါတယ်။ ဒါဟာ သမိုင်းပါ။

### လွတ်လပ်ရေးနေ့မှာ ပထမဆုံးတင်သွင်းတဲ့ သမိုင်းဝင်လွှတ်တော်အဆိုနှစ်ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးရဲ့ အာဏာကို သုံးစွဲဆောင်ရွက်ခံစားရမည်ဟူသော ဥပဒေပုဒ်မ ၂၃၁ ဥပဒေခွဲ ပုဒ်မ ၁ အရ ဤတိုင်းပြုပြည်ပြုလွှတ်တော်က လန်ဒန်မြို့တွင် ၁၃၀၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့၌ မြန်မာနိုင်ငံ ယာယီအစိုးရနှင့် ဗြိတိသျှအစိုးရတို့ချုပ်ဆိုခဲ့သော စာချုပ်ကို သဘောတူအတည်ပြုကြောင်း အဆိုဖြစ်ပါတယ်။ ဒါဟာ လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီ ပဋာမ ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ဖြစ်လာတာပါ။

ဒုတိယအဆိုက ဥပဒေပုဒ်မ ၂၃၁ အရ နိုင်ငံတော် ယာယီသမ္မတက ထုတ်ပြန်တဲ့ ကြေညာချက်အမိန့်ကို ဤလွှတ်တော်က သဘောတူတယ်။ ဒါက ဘာလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည် လွတ်လပ်ရေးရတဲ့အတွက် တိုင်းပြည်မှာ ဆင်းရဲသားတွေ၊ ဒွန်းစဏ္ဍားတွေ စသည့် လူတန်းစားနိမ့်ကျတဲ့ လူတန်းစားတွေ မရှိစေရ၊ ပပျောက်ရမယ်ဆိုတဲ့အမိန့် ဖြစ်ပါတယ်။ အဲဒီအမိန့်ကို အတည်ပြုကြောင်း တင်သွင်းပြီးတော့ လွှတ်တော်ပြီးဆုံးပါတယ်။

### လွတ်လပ်ရေးနေ့တွင် ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့စာရင်း

နိုင်ငံတော်ဝန်ကြီးချုပ်နေရာမှာ သခင်နုက တာဝန်ယူတယ်။ ဒုတိယဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်လက်ျာက တာဝန်ယူတယ်။ နိုင်ငံခြားရေးဌာနဝန်ကြီးအဖြစ် အိုင်စီအက်ဦးတင်ထွဋ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးအဖြစ် မြန်မာ့အလင်းသတင်းစာဆရာ ဦးတင်က တာဝန်ယူပါတယ်။ ကရင်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် စောစံဖိုးသင်၊ ရှမ်းပြည်နယ်ဆိုင်ရာဝန်ကြီးအဖြစ် ဦးထွန်းမြင့် (လင်းခေး)၊ ကချင်ပြည်နယ်ဆိုင်ရာဝန်ကြီးအဖြစ် ဆမားဒူးဝါးဆင်ဝါးနောင်၊ ကရင်နီပြည်နယ်(ယခုကယား) ဆိုင်ရာဝန်ကြီးအဖြစ် စောဝဏ္ဏ၊ ချင်းပြည်နယ်ဆိုင်ရာဝန်ကြီးအဖြစ် ဦးဝမ်းသူးမောင်၊ တရားစီရင်ရေးဆိုင်ရာဝန်ကြီးအဖြစ် ဦးဘဂျမ်း၊ ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီးအဖြစ် ဦးကိုကိုကြီး၊ သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် သခင်တင်၊ ပြည်ထဲရေးဌာနဝန်ကြီးအဖြစ် ဦးကျော်ငြိမ်း၊ လမ်းပန်းအဆောက်အဦနှင့် အလုပ်သမားရေးရာဝန်ကြီးအဖြစ် မန်းဝင်းမောင် (နောက်ပိုင်း နိုင်ငံတော်သမ္မတအဖြစ်ဆောင်ရွက်ခဲ့)၊ ပညာရေး၊ ပြည်သူ့ဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးအဖြစ် ဗိုလ်ဖိုးကွန်း(ဗိုလ်မှူးဖိုးကွန်း)၊ အမျိုးသားစီမံကိန်းနဲ့ စက်မှုလက်မှုဝန်ကြီးအဖြစ် ဟသ်ာတဦးမြ၊ ပြန်ကြားရေးဝန်ကြီးအဖြစ် ဦးညိုထွန်း၊ ဌာနလက်ကိုင်မရှိဝန်ကြီးအဖြစ် ဗိုလ်စိန်မှန်တို့ ပါဝင်တဲ့ အစိုးရအဖွဲ့ကို ကြေညာပြီးတော့ နံနက်ပိုင်းအခမ်းအနား ရပ်စဲတာပေါ့။

### ထိန်းသိမ်းသင့်

ကျွန်တော်ပြောချင်တာက ကျွန်တော်တို့သမိုင်းမှာ ကျွန်တော်တို့ဟာ တော်တော်လေး အထိန်းအသိမ်း ပေါ့လျော့ခဲ့တယ်လို့ ပြောချင်တယ်။ ကျွန်တော်တို့ တိုင်ထိပ်က ချလိုက်တဲ့ ယူနီယံဂျက်အလံ၊ ကျွန်တော်တို့ ပထမဆုံးတင်လိုက်တဲ့ ပြည်ထောင်စုအလံ နှစ်ခုကို အရာရှိတစ်ယောက် ထိန်းသိမ်းထားတယ်လို့ပဲ သိလိုက်ရတယ်။ ဒီနေ့ထက်ထိ ဘယ်မှတ်တမ်းတိုက်၊ မော်ကွန်းတိုက်ကမှ သိမ်းထားတယ်ဆိုတာ မသိရဘူး။ အဲဒီထိန်းသိမ်းတဲ့နေရာမှာ အခုထိရှိသေးတယ်လို့ပဲ ကြားတယ်။ ဒါကို ပြန်လည်ရှာဖွေထိန်းသိမ်းရင်တော့ သမိုင်းမှာ အဖိုးတန်မှာ ဖြစ်ပါမယ်။ **(ဆက်လက်ဖော်ပြပါမည်)**

## နှစ်သစ်ကူးညပိုင်းတွင် ထိခိုက်ဒဏ်ရာရသူ ၈၁ ဦးရှိခဲ့ပြီး ဆေးရုံတက်ရောက်သူ ၂၁ ဦးရှိခဲ့

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးညပိုင်းတွင် ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရသူ ၈၁ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ဆေးရုံတက်ရောက်သူ ၂၁ ဦးရှိကာ လူသေဆုံးမှုမရှိခဲ့ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ သိရသည်။

"ဒီနှစ် နှစ်သစ်ကူးညမှာ ဆေးရုံကြီးကိုရောက်လာတဲ့ လူနာအားလုံးက ၈၁ ဦးရှိပါတယ်။ ဒီထဲကအတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ပြီး ကုသမှုခံယူသူက ၂၁ ဦးပဲရှိပါတယ်။ ကျန်တဲ့လူနာတွေက ထိခိုက်ဒဏ်ရာရပေမယ့် ဆေးရုံတက်စရာမလိုတဲ့အတွက် ပြန်သွားကြတာပါ။ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင် ဆေးရုံတက်ရောက်ကုသမှုခံယူသူက ဒီနှစ်မှာ နည်းပါတယ်"ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

မန္တလေးမြို့ နှစ်သစ်ကူးည ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီအထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၈၁ ဦးရောက်ရှိခဲ့သည့်အနက် ပြင်ပလူနာဌာနသို့ ထိခိုက်ဒဏ်ရာဖြင့်ရောက်ရှိလာသူ အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ခုနစ်ဦးရှိခဲ့ပြီး အတွင်းလူနာဖြင့် ဆေးရုံတက်ရောက်သူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီးနှစ်ဦးဖြစ်ကြောင်း သိရသည်။

"ဆေးရုံကြီးကိုရောက်လာတဲ့ လူနာအများစုက ယာဉ်မတော်တဆမှုကြောင့် ၆၀ နီးပါးရှိခဲ့တယ်။ ကျန်တာက ခိုက်ရန်ဖြစ်ပွားမှုနဲ့ ချော်လဲတာတွေကြောင့်ပါ။ ဒီလူနာတွေကလည်း ၁၂ နာရီကျော်ပြီးမှ ရောက်ရှိလာတဲ့သူတွေပါ" ဟု ဦးမင်းလွင်က ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၇-၂၀၁၈ နှစ်သစ်ကူးပွဲညပိုင်းက ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာကြောင့် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၆၁ ဦးနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူလေးဦး ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ နှစ်သစ်ကူးပြောင်းချိန်ညပိုင်း၌ မှုခင်းဖြစ်ပွားမှု သုံးခုသာရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နှစ်သစ်ကူးညမှာ ကြီးကြီးမားမားမှုခင်းဖြစ်ပွားတာ မရှိခဲ့ပါဘူး။ ပေါ့ဆမှုကြောင့် မီးလောင်တာ၊ စားသောက်ဆိုင်မှာ တစ်ဝိုင်းနဲ့တစ်ဝိုင်း စကားများရာက ခိုက်ရန်ဖြစ်ပွားတာ၊ နေအိမ်ဝင်ရောက်ပြီး ပစ္စည်းခိုးတာ ဒီသုံးခုပဲရှိတယ်။ ဒီဖြစ်စဉ်တွေကလည်း နှစ်သစ်ကူးနဲ့မဆိုင်ပါဘူး။ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ" ဟု မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်က ပြောသည်။

မန္တလေးမြို့တွင် ၂၀၁၈ ခုနှစ် နှစ်သစ်ကူးညပိုင်းက မန္တလေးတောင်ကျုံးအရှေ့တောင်ထောင့်ရှိ Hiltonဟိုတယ်၊ မနော်ရမ္မကွင်း၊ ဦးပိန်တံတား၊ မန္တလေးကန်တော်ကြီးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တို့တွင် ည ၁၂ နာရီအထိ စောင့်ဆိုင်း၍ Count Down ရေတွက်ကာ မီးရှူးမီးပန်းများ လွှတ်တင်ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အင်္ဂတေဆိပ်ကမ်း ဝန်ထမ်းအိမ်ရာဝင်းနေ ဦးစောသန်းမောင်၏သား ဆွံ့အနားမကြားသူ မောင်ဇော်နိုင်ထွန်းအား ဒီဇင်ဘာ ၃၀ ရက်က ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံတော်အစိုးရကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ထောက်ပံ့ကြေးငွေပေးအပ်စဉ်။** ၆၈၄

## အင်းတကော်မြို့၌ နေ့ချင်းပြီးမီတာများ တပ်ဆင်

**အင်းတကော် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူးခရိုင် အင်းတကော်မြို့ မိုဒိုကျေးရွာအတွင်းရှိ အိမ်ထောင်စု ၅၈ စုအား လျှပ်စစ်မီတာများကို ဒီဇင်ဘာ ၃၁ ရက်တွင် နေ့ချင်းပြီး ဆောင်ရွက်ပေးကာ လျှပ်စစ်၏အသုံးဝင်ပုံနှင့် အန္တရာယ်များဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သိန်းက ရှင်းလင်းပြောကြားပြီး လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ငြိမ်းချမ်း(ပြန်/ဆက်)**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။ မိုး/ဇလ



# သမ္မတထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်း ခေါင်းဆောင်ကင်ဂျုံအန်ဆို

**ပြုံယမ်း ဇန်နဝါရီ ၁**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် ထပ်မံတွေ့ဆုံရန် အဆင်သင့်ဖြစ်ပါကြောင်းနှင့် သူ၏ ချူကလီးယားလက်နက် အပြီးတိုင် ကင်းစင်ပပျောက်ရေးကတိကဝတ်ကို ထိန်းသိမ်းလျက်ရှိပါကြောင်း ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

**ထုတ်လွှင့်ပြသခဲ့**

ခေါင်းဆောင်ကင်ဂျုံအန်က ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီ (ဒေသစံတော်ချိန်)တွင် နိုင်ငံပိုင်ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သည့် သူ၏နှစ်သစ်မိန့်ခွန်းထဲတွင် အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ခေါင်းဆောင်ကင်ဂျုံအန်က အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်မရုပ်သိမ်းဘဲ ဆက်လက်ပိတ်ဆို့မည်ဆိုပါက ပြုံယမ်းအနေဖြင့် ရွေးချယ်စရာနည်းလမ်းမရှိသည့်အတွက် အခြားနည်းလမ်းအသစ်တစ်ခုကို ရှာဖွေကျင့်သုံးရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မိနစ် ၃၀ ခန့်ကြာရှည်သော ခေါင်းဆောင်ကင်ဂျုံအန်၏ နှစ်သစ်မိန့်ခွန်းကို ဇန်နဝါရီ ၁ ရက်က နိုင်ငံပိုင် ကိုရီးယားဗဟိုတယ်လီဗွီးရှင်းက ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

ခေါင်းဆောင်ကင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဒုတိယအကြိမ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပရန် ဆန္ဒပြင်းပြလျက်ရှိပါကြောင်းနှင့် ပြုံယမ်းအနေဖြင့် မည်သည့်ချူကလီးယားလက်နက် စမ်းသပ်ပစ်ခတ်မှုမျိုးကိုမျှ ထပ်မံစမ်းသပ်ရန် အစီအစဉ်မရှိပါကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ချူကလီးယားလက်နက်ကင်းစင်ပပျောက်ရန် နည်းလမ်းအမျိုးမျိုးကြိုးပမ်းစေကာမူ အမေရိကန်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ချမှတ်ထားမည်ဖြစ်သည်ဟု ဝါရှင်တန်က ဆိုသည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် သက်ဆိုင်သည့်နိုင်ငံများနှင့် ဆွေးနွေးပွဲများကျင်းပရန် ဆန္ဒရှိပါသည်ဟု ခေါင်းဆောင်ကင်ဂျုံအန်က ဆိုသည်။

ထို့ပြင် ခေါင်းဆောင်ကင်က အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်တန့်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**





# တိုကျိုမြို့တွင် ခြေကျင်လျှောက်နေသည့် လူအုပ်စုတွင်းသို့ မော်တော်ယာဉ်ဖြင့် ဝင်တိုက်၊ ရှစ်ဦးဒဏ်ရာရ

**တိုကျို ဇန်နဝါရီ ၁**
ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိလမ်းတစ်လမ်းပေါ်၌ ခြေကျင်လျှောက်နေသည့် လူအုပ်စုအတွင်းသို့ မော်တော်ယာဉ်ဖြင့် မောင်းနှင်ဝင်တိုက်ခဲ့သည့် အသက် ၂၁ နှစ်အရွယ်အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ နှစ်သစ်ကူးချိန်တွင် ဖြစ်ပွားခဲ့သည့် ယင်းဖြစ်ရပ်ကြောင့် လူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

တိုကျိုမြို့ ရှိဘူးရာရပ်ကွက် တာကေရှီတာလမ်း၌ ဒီဇင်ဘာ ၃၁ ရက် သန်းခေါင်ကျော်ပြီး ၁၀ မိနစ်ခန့်တွင် လမ်းလျှောက်နေသူ လူအုပ်စုအတွင်းသို့ မော်တော်ယာဉ်ဖြင့် မောင်းနှင်ဝင်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မော်တော်ယာဉ်မှာ ယင်းလမ်းတစ်လျှောက် လမ်းကြောင်းမှား မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူများမှာ ဆယ်ကျော်သက်များနှင့် အသက် ၅၀ ကျော်သူအထိပါဝင်ပြီး ထိခိုက်ဒဏ်ရာရသူများအနက် တက္ကသိုလ်ကျောင်းသားတစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယာဉ်မောင်းနှင်သူမှာ ထွက်ပြေးခဲ့သော်လည်း နောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များက ၎င်းကို ဖမ်းဆီးနိုင်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုများအရ ၎င်းမှာ ကာဇူဟီရို ကူဆာကာဘေး အမည်ရှိသူဖြစ်ပြီး ရဲတပ်ဖွဲ့က ၎င်းကို ကျောင်းသားတစ်ဦးအားသတ်ဖြတ်ရန် ကြိုးပမ်းသည်ဟု သံသယရှိမှုဖြင့် ဖမ်းဆီးခဲ့သည်။

ယာဉ်မောင်းနှင်သူသည် အကြမ်းဖက်တိုက်ခိုက်သည့် အပြုအမူလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ကနဦးပြောကြားခဲ့ပြီး နောက်ပိုင်းတွင် လူသတ်မှုကျူးလွန်ကြောင်း ဝန်ခံခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

နှစ်သစ်ကူးကာလတွင် အခင်းဖြစ်ပွားသည့်လမ်း၌ ယာဉ်သွားလာမောင်းနှင်မှုများကို ပိတ်ထားခဲ့သည်။ ယင်းလမ်းမပေါ်တွင် တည်ရှိသည့်ဘာသာရေးဆိုင်ရာ ဝတ်ကျောင်းတစ်ခုသို့ ခရီးသွားများစည်ကားစွာ သွားရောက်ကြပြီး လာမည့် ၂၀၁၉ ခုနှစ်အတွက် ကံကြမ္မာကောင်းများ ကြုံတွေ့စေရေးအတွက် ဆုတောင်းဆုယူမှုများ ပြုလုပ်ကြခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှား၌ ဓာတ်ငွေ့ပေါက်ကွဲကာ ပြိုကျခဲ့သည့် အဆောက်အအုံအတွင်းမှ ကလေးငယ်တစ်ဦး အသက်ရှင်လျက်တွေ့ရှိ

**မော်စကို ဇန်နဝါရီ ၁**
ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၃၁ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ကာ ပြိုကျခဲ့သော လူနေအိမ်အဆောက်အအုံ၏ အပျက်အစီးများအောက်တွင် ကလေးငယ်တစ်ဦးအား အသက်ရှင်လျက်တွေ့ရှိ၍ ကယ်ဆယ်နိုင်ခဲ့ကြောင်း ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ အဆောက်အအုံ ပြိုကျမှုတွင် လူခုနစ်ဦး အနည်းဆုံး သေဆုံးခဲ့ရပြီး ဒါဇင်ပေါင်းများစွာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။



**ထုတ်လွှင့်ပြသ**

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကလေးငိုသံကြားခဲ့ရကြောင်းနှင့် ပုခက်တစ်ခုအတွင်းတွင် စောင်များဖြင့် နွေးထွေးစွာထုပ်ပိုးထားသော ကလေးငယ်အား တွေ့ရှိခဲ့ရသည်ဟု ချီလီယာဘန့်စ်ပြည်နယ်အုပ်ချုပ်ရေးမှူး ဘိုရစ် ဒူဘရိုဗ်စကီက သူ၏တွစ်တာ စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်သည် အသက် ၁၀ လအရွယ် ယောကျာ်းလေးတစ်ဦးဖြစ်သည်ဟု အရေးပေါ်အခြေအနေ ကယ်ဆယ်ရေး ဝန်ကြီးဌာနက ဆိုသည်။

ကလေးငယ်အား ကယ်ဆယ်စဉ် မှတ်တမ်းတင်ရိုက်ကူးခဲ့သည့် ဗီဒီယိုဖိုင်ကို ပြည်နယ်အုပ်ချုပ်ရေးမှူးက အင်တာနက်စာမျက်နှာတွင် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ကလေးငယ်၏ မိခင်သည်လည်း အဆိုပါ ဓာတ်ငွေ့ပေါက်ကွဲကာ အဆောက်အအုံ ပြိုကျပျက်စီးမှု အန္တရာယ်မှ လွတ်မြောက်လာခဲ့သည်ဟု RIA Novosti သတင်းအေဂျင်စီက သတင်းရေးသားထားကြောင်း သိရသည်။

ကလေးငယ်၏ ခြေ၊ လက်များတွင် နှင်းကိုက်နာများဖြစ်ပွားကာ ဦးခေါင်းဒဏ်ရာနှင့် ခြေထောက်အရိုးကျိုးပြီး အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေတွင် ရောက်ရှိနေသဖြင့် မော်စကိုမြို့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ခေါ်ဆောင်သွားမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာ တစ်ရပ်အရ သိရသည်။

**အေအက်ဖ်ပီ**

# ၂၀၁၈ ခုနှစ်အတွင်း အစ္စရေးလူဦးရေ ကိုးသန်းပြည့်ရန် နီးကပ်လာ

**ဂျေရုဆလင် ဇန်နဝါရီ ၁**
အစ္စရေးနိုင်ငံ၏လူဦးရေသည် ၂၀၁၈ ခုနှစ် ကုန်ဆုံးချိန်တွင် ၈ ဒသမ ၉၇ သန်းရှိခဲ့ပြီး ၂၀၁၇ ထက် နှစ်ရာခိုင်နှုန်းတိုးလာကြောင်း ဒီဇင်ဘာ ၃၁ ရက်က ထုတ်ပြန်သည့် တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းလူဦးရေထဲတွင် ဂျူးလူမျိုး ၆ ဒသမ ၆၇ သန်း (၇၄ ဒသမ ၃ ရာခိုင်နှုန်း)နှင့် အာရပ်လူမျိုး ၁ ဒသမ ၈၈ သန်း (၂၀ ဒသမ ၉ ရာခိုင်နှုန်း) ဖြစ်ကြောင်း အစ္စရေးဗဟိုစာရင်းအင်းဗျူရိုက ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အစ္စရေးနိုင်ငံ၏ လူဦးရေမှာ ကိုးသန်းပြည့်မည်ဟု မျှော်လင့်ရကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

၂၀၁၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ၌ လူဦးရေ ၁၇၃၀၀၀ ခန့် တိုးလာခဲ့ပြီး ယင်းလူဦးရေ၏ ၈၁ ရာခိုင်နှုန်းမှာ သဘာဝအတိုင်း တိုးမြင့်လာခြင်းဖြစ်ပြီး ကျန်သည့် ၁၉ ရာခိုင်နှုန်းမှာ နိုင်ငံတကာမှ ရွှေ့ပြောင်းဝင်ရောက်လာသူများဖြစ်ကြသည်။

ယင်းနှစ်အတွင်း အစ္စရေးနိုင်ငံသား ၄၅၀၀၀ သေဆုံးသွားပြီး နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့နေထိုင်သူဦးရေ ၇၀၀၀ ရှိကာ ယင်းအရေအတွက်မှာ ၂၀၁၇ ခုနှစ်ကထက် ပိုမိုများပြားသည်။ ၂၀၁၈ ခုနှစ်အတွင်း ပြည်ပနိုင်ငံများမှ ဂျူးလူမျိုးဦးရေ ၂၇၅၀၀ အစ္စရေးနိုင်ငံသို့ ရွှေ့ပြောင်းလာကြပြီး ယင်းတို့အနက် ၂၁၀၀၀ မှာ ဥရောပတိုက်ရှိ နိုင်ငံများမှ ပြောင်းရွှေ့လာသူများဖြစ်သည်။

ရုရှား၊ ယူကရိန်း၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများမှ ဂျူးလူမျိုးများသည် အစ္စရေးနိုင်ငံသို့ အဓိကပြောင်းရွှေ့လာခဲ့ကြသည်။

**ဆင်ဟွာ**



# တပ်မတော်စစ်ကြောင်းအား ကေကေအို(ခွဲထွက်) အဖွဲ့က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ရှမ်းရွာသစ်၏ အနောက်မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာ မဲသဝေါပြန့်အတွင်း အုပ်ချုပ်မှုကိစ္စများဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ယနေ့ညနေ ၃ နာရီခန့်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ကေကေအို(ခွဲထွက်)အဖွဲ့မှ ပြောက်ကျားယူနီဖောင်းဝတ် သုံးဦးခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် မြောက်ဘက်သို့ ဆုတ်ခွာသွားသည်။

အဆိုပါဖြစ်စဉ်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ တောင်ကမူ၌ ကေကေအို(ခွဲထွက်)အဖွဲ့က ယာယီအခြေပြုထားသည့် ငှက်ပျောဖက်အမိုး၊ အကာမပါ အကျယ် ခုနစ်ပေပတ်လည်ခန့်ရှိ တစ်ဖက်ရပ်တဲတစ်လုံးအား တွေ့ရှိရပြီး ယင်းတဲ၏ထောင့်မှ အမ်-၁၆ သေနတ်တစ်လက်နှင့်အတူ ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

❖ **သီလဝါဆိပ်ကမ်းမှ**

အဆိုပါ တည်ဆောက်ပြီးစီးသွားသော ဆိပ်ခံတံတားနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများမှာ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီအရ အတိုးနှုန်းသက်သာသော ချေးငွေဖြင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ယခုအခါတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည်။

လက်ရှိအနေအထားအရ သီလဝါကမ်းနားဒေသ၌ မြေကွက်တစ်ကွက်လျှင် (၂၀၀ မီတာ × ၇၅၀ မီတာ) အကျယ်ရှိ မြေကွက် ၇၃ ကွက်တွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအားဖိတ်ခေါ်ထားသည့် ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။ **သတင်း -ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း တစ်နိုင်ငံလုံး ချိန်တွယ်မှုတူညီရန် ထုတ်ပြန်

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါအသင်းရုံး၌ ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရွှေအလေးချိန် ပမာဏတစ်ပဲကို ခုနစ်ရွေးတစ်ခြမ်းအစား တစ်ပဲကို ရှစ်ရွေးသို့ ပြောင်းလဲကာ စတင်တွက်ချက်သည်များနှင့် အကယ်ဒမီသမာဓိချိန်ခွင်သည်လည်း ရန်ကုန်အလေးချိန် အေဒီချိန်ခွင်မှ ဆော့ဝဲလ်အတိုင်း ချိန်တွယ်ပြီး အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အစည်းအဝေးမှာ ဂရမ်ချိန် ကိုက်ညီမှုရှိစေရန်အတွက် ရှစ်ရွေးပြောင်းရခြင်းဖြစ်သောကြောင့် တစ်နိုင်ငံလုံးတူမှသာလျှင် တစ်ကျပ်သားကို ၁၆ ဒသမ ၆၀၆ ဂရမ်ကိုက်ညီမှုရှိစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုလုပ်ရန် ရွှေအသင်းဝင်ရွှေကုန်သည်ကြီးများ အနစ်နာခံပြီး ရွှေအပိုင်းများကို ပြန်လည်ချိန်တွယ်ကာ အဆင်သင့်လုပ်ထားကြရန်နှင့် ၁၂၈ ရွေးဖြင့် စားပြီး၊ တွက်ပြီး စရောင်းရန် တစ်နိုင်ငံလုံး အလေးချိန်ပမာဏတူညီမှု တင်သွင်း၊ တင်ပို့ရာတွင် နိုင်ငံတကာနှင့် ဆက်နွှယ်လုပ်ကိုင်သည့်အခါ အဆင်ပြေမှသာ ရှေ့ဆက်သွားရန် ဆုံးဖြတ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ ယူ-၂၂ အသင်းအတွက် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းအတွက် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရန် စီစဉ်လျက်ရှိသည်။



မြန်မာ ယူ-၂၂ ကွင်းလယ်ကစားသမား လွင်မိုးအောင်။

ယခုနှစ် ဖိတ်ခေါ်ပြိုင်ပွဲတွင် အာရှနှင့် အာဆီယံလူငယ်အသင်းများကို ဖိတ်ကြားသွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် နိုင်ငံတကာ အတွေ့အကြုံရစေရန် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီလတွင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ မတ်လတွင် အာရှယူ-၂၃ ခြေစစ်ပွဲ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သောကြောင့် နိုဝင်ဘာလဆန်းပိုင်းတွင် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇန်နဝါရီလ ပထမနှင့် ဒုတိယပတ်တွင် ကစားမည့် အရှေ့အလယ်ပိုင်းခရီးစဉ်အတွက် ကစားသမား ၂၀ ရွေးချယ်ထားသော်လည်း ယင်းခရီးစဉ်ပြီးဆုံးပါက ကစားသမားသစ်များ ထပ်မံရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

✳ **ကျောဖုံးမှ**

ပြိုင်ပွဲအား မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားလူပ်ရှားမှုဦးစီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် အားကစားဌာန တယ်ဟုန်ပြည်နယ်ခွဲပြည်သူ့အစိုးရတို့ ပူးပေါင်းပြီး "မာရသွန်ပြိုင်ပွဲ နှစ်နိုင်ငံပြေးခြင်း"ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ကာ မာရသွန်ပြိုင်ပွဲ၊ တာလတ်မာရသွန်ပြိုင်ပွဲ၊ တာတိုမာရသွန်ပြိုင်ပွဲ၊ အပျော်တမ်းအပြေးပြိုင်ပွဲ၊ မိသားစုပြိုင်ပွဲ စသည်ဖြင့် အမျိုးအစားငါးမျိုးဖြင့် ကျင်းပခြင်းဖြစ်သည်။

နယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲသည် နှစ်နိုင်ငံချစ်ကြည်ရေးဖလှယ်မှုကို မြှင့်တင်စေရန်နှင့် နယ်စပ်ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုကို ပိုမိုကောင်းမွန်စေသည့် ရည်ရွယ်ချက်ဖြင့် အပြေးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်ခုလုံးကုန်ကျစရိတ်အား တရုတ်နိုင်ငံက အကုန်အကျခံကျင်းပခြင်းဖြစ်ကြောင်း တယ်ဟုန်ပြည်နယ်ခွဲပါတီ ကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြည်ပ ပြန်ကြားရေးတာဝန်ခံ မစ္စတာ ကျောက်ယွင်ဆန်က ပြောသည်။

မာရသွန်ပြိုင်ပွဲအတွက် ပထမဆုရရှိသူအား တရုတ်ယွမ်ငွေ ၂၀၀၀၀ ချီးမြှင့်ပြီး အခြားပြိုင်ပွဲများတွင် အမျိုးအစားအလိုက် ပထမဆုရရှိသူအား တရုတ်ယွမ်ငွေ ၈၀၀၀၊ ၆၀၀၀ သတ်မှတ်ချီးမြှင့်ကာ မြန်မာနိုင်ငံသားများအတွက် သီးသန့်ချီးမြှင့်သည့် ဆွေမျိုးပေါက်ဖော်ဆုကို ကနဦးပန်းဝင်သူ ၅၀ အား တရုတ်ယွမ်ငွေ ၁၀၀ စီ ချီးမြှင့်ကြောင်း သိရသည်။ **၀၀၂**

❀ **စာမျက်နှာ ၆ မှ**

အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း လာရောက်တရားနာယူကြသည်ကို တွေ့ရသည်။

မှော်ဘီမြို့နယ် မြောင်းတကာ၊ နှင်းဆီမြိုင်ရပ်ကွက်တွင် နေထိုင်သူ ဒေါ်မျိုးကြည်က "အခုလို တရားပွဲကျင်းပပေးတဲ့အတွက် ကျေးဇူးတင်တယ်။ တရားနာရတဲ့အတွက်လည်း ကြည်နူးမိတယ်။ အရင်နှစ်ကလည်း သုံးရက်လုံး တရားလာနာတယ်။ တရားနာရတဲ့အတွက် အခုရောသံသရာအတွက်ပါ အကျိုးကျေးဇူးရှိပါတယ်။ ကားငှားလာတာပါ။ ကားကိုလည်း အလှူရှင်က လှူတာပါ။ လူ ၂၀ လောက်ပါတယ်"ဟု ပြောသည်။

တရားလာရောက်နာယူသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အလိုက် လာရောက်တရားနာယူကြသူများနှင့်အတူ အကြို၊ အပို့ယာဉ်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် တရားနာယူနိုင်ရန်အတွက် လုံခြုံရေးကို တာဝန်ယူပေးလျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က "ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ကျွန်တော်တို့ တိုင်းဒေသကြီး ကျန်းမာရေးက ဦးဆောင်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်တွေနဲ့ ပုဂ္ဂလိကဆေးရုံတွေကလည်း ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနေပါတယ်။ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ဆရာဝန်၊ သူနာပြုတွေအပြင် လိုအပ်တဲ့ဆေးဝါးတွေနဲ့ တရားနာပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ဒဂုံမြို့နယ်မှ ဦးအောင်စိုးက "သတင်းစာထဲမှာဖတ်ရလို့ တရားပွဲကျင်းပမယ်ဆိုတာသိရတယ်။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်တစ်ယောက်တည်းလာခဲ့တာပါ။ တရားပွဲကျင်းပတဲ့ သုံးရက်လုံးလာမှာပါ။ အခုလို နှစ်ဦးမှာ ဓမ္မသဘင်ပွဲကြီးကျင်းပတာဟာ ကျွန်တော်တို့တိုင်းပြည်ကြီး ငြိမ်းချမ်းမှုတွေရရှိပြီး နိုင်ငံသူ နိုင်ငံသားတွေ အေးအေးချမ်းချမ်းနဲ့ နှစ်သစ်ကို ကျော်ဖြတ်ကြရလိမ့်မယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

**ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

◯ **မြန်မာ-ထိုင်းနယ်စပ်မှ**

ကျန်းမာရေးစစ်ဆေးရန် လာရောက်သူများလည်းရှိကြောင်း သိရသည်။ အဆိုပါ ခရီးသွားဧည့်သည်များသည် မြဝတီမြို့တွင်းရှိ ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်၊ သာမညဆရာတော်တည်ထားခဲ့သော မိဌာန်အောင်စေတီတော်၊ မိချောင်းကုန်းသာသနာ့နယ်မြေ ကျောက်လုံးကြီးဘုရား(ခ) မဟာဝိဇယစေတီတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး တစ်ဖက်နိုင်ငံသို့ သွားရောက်လည်ပတ်ကြသည်။

မြဝတီမြို့ ရွှေမြန်မာယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက "တစ်ဖက်ထိုင်းနိုင်ငံထဲ သွားလည်မယ်ဆိုရင် နံနက် ၆ နာရီမှ ည ၇ နာရီအထိ တာ့ခ်ခရိုင် သုံးမြို့နယ်အတွင်းရှိတဲ့ ဖဝေါဘုရား၊ ရွှေကျောင်း၊ သံလိုက်တောင်၊ နဂါးရုံဂူ၊ မြွေဘုရား၊ ရေတံခွန်၊ ရေပူစမ်း၊ ရဟန္တာရုပ်ပွားတော်၊ ပန်းခြံ အစရှိတဲ့နေရာတွေကို မြဝတီ ရွှေမြန်မာအသင်းက ယာဉ်တွေနဲ့ ပို့ဆောင်ပေးနေပါတယ်။ ၁၀ ဦးဆံ့တဲ့ စူပါကာစတန်ယာဉ်နဲ့ ၁၅ ဦးဆံ့တဲ့ အန်စာတုံးယာဉ်တွေ ဖြစ်တယ်။ ၁၀ ဦးဆံ့တဲ့ စူပါကာစတန်ယာဉ်ငှားခမှာ ငွေကျပ် ၁၀၀၀၀၀ ဖြစ်ပြီး ၁၅ ဦးဆံ့တဲ့ အန်စာတုံးယာဉ်ငှားခမှာ ငွေကျပ် ၁၅၀၀၀၀ ဖြစ်ပါတယ်။ စုပြီးသွားကြမယ်ဆိုရင် တစ်ဦးကို ငွေကျပ် တစ်သောင်းနှုန်းနဲ့ တစ်ဖက်နိုင်ငံထဲ သွားလည်ရတာ အဆင်ပြေတာပေါ့"ဟု ပြောကြားသည်။ **ထိန်လင်းအောင်(မြန်/ဆက်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

ဂုဏ်ရည်ဆေးတိုက် မိသားစုမှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ဂုဏ်ရည် ® အမှတ်တံဆိပ်

(၁-၁-၂၀၁၉)တွင် ကျရောက်သော မင်္ဂလာနှစ်သစ်မှသည် ဂုဏ်ရည်တိုင်းရင်းဆေးကို
စားသုံးမှီဝဲအားပေးသော ညီအစ်ကိုမောင်နှမ၊ မိဘပြည်သူများ၊ ရောင်းချပေးသော
မြန်မာတစ်နိုင်ငံလုံးမှ ဆေးဆိုင်များနှင့်တကွ မြန်မာနိုင်ငံသားအားလုံး ကိုယ်၏ ကျန်းမာခြင်း၊
စိတ်၏ ချမ်းသာခြင်းတို့နှင့်တကွ ဝမ်းမြောက်ပျော်ရွှင်ခြင်းကို အစဉ်အမြဲခံစားရပါစေကြောင်း
ဂုဏ်ရည်ဆေးတိုက်မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂုဏ်ရည်တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေးနှင့် ကုသရေးမိသားစု

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ ယာဉ်တန်း အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိ

**စစ်တွေ ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ယာဉ်တန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်-စစ်တွေ ကားလမ်း၌ အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ်မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်-မင်းဘူး-အမ်း-စစ်တွေကားလမ်း မြောက်ဦးမြို့အနီး နန်းကျားနှင့် ပေါင်းတုတ်ကျေးရွာအကြား တံတားအမှတ် (၁/၁၀၆) ထိပ်သို့အရောက် ဒေသန္တရလုပ် အဝေးထိန်းမိုင်းသုံးလုံးဖြင့် တစ်ပြိုင်တည်း ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ယာဉ်တစ်စီးရှေ့မှန်ကွဲပြီး အခြားယာဉ်တစ်စီးတွင် ဘေးမှန်တစ်ချပ်ကွဲသွားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**








# ရခိုင်ပြည်နယ်အတွင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့အား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း ရသေ့တောင်-ဘူးသီးတောင်သွား ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိနေသည့် အမှတ်(၈)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲသည် ကားလမ်းပေါ်ရှိ စေတောင်ရွာအတွင်း ဘုန်းကြီးကျောင်း၌ ခေတ္တအခြေပြုနေစဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် အင်အား ၃၀ ခန့်ရှိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၁၀ မိနစ်ခန့် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲတပ်သားတစ်ဦး ယာဘက်ရင်အုံအပေါ်ပိုင်း လက်နက်ငယ် ကျည်ဆန်ဖောက်ဝင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ပစ်ခတ်မှုဖြစ်ချိန်တွင် ကျေးရွာအတွင်း၌လည်း ရွာသူ ရွာသားများရှိနေပြီး ရဲတပ်ဖွဲ့၏ စနစ်တကျ ထိန်းသိမ်းကြပ်မတ်မှုကြောင့် ရွာသူ ရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ်တွင် နေအိမ်အတွင်း ဝင်ရောက်လုယက်သူနှစ်ဦးအား ဖမ်းမိ

**ရန်ကုန် ဇန်နဝါရီ ၁**

သဃ်န်းကျွန်းမြို့နယ်တွင် တရုတ်(တိုင်ပေ)မှ အမျိုးသားတစ်ဦး၏ နေအိမ်အတွင်း ဝင်ရောက်လုယက်သူနှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက်တွင် သဃ်န်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက် ကြိုးစက်လမ်းနေ တရုတ်(တိုင်ပေ)အမျိုးသားတစ်ဦးအား သဃ်န်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် ရွာလယ်လမ်းနေ သန့်ဇင်ဦးနှင့် အပေါင်းပါ တစ်ဦးတို့က ဝိုင်းဝန်းထိုးကြိတ်ကြပြီး ငွေကျပ် သိန်း ၂၀၊ Huawei အမျိုးအစားဖုန်းတစ်လုံးနှင့် နေအိမ်သော့တွဲများအား ယူဆောင်ထွက်ပြေးသွားသဖြင့် သဃ်န်းကျွန်းမြို့မရဲစခန်းတွင် တိုင်တန်းခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပူးပေါင်းအဖွဲ့သည် ပြစ်မှုကျူးလွန်သူအား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီ ၅၅ မိနစ်တွင် သဲမောင်ဇော်(ခ) သဲမောင်ထွေး(ခ) အငယ်ကောင်အား လည်းကောင်း၊ ဇန်နဝါရီ ၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် သန့်ဇင်ဦး (ခ)ကတုံးအား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူ သန့်ဇင်ဦး (ခ)ကတုံးပါ နှစ်ဦးတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်တွင် ခြင်ဆေးခွေမီးထွန်းရာမှတစ်ဆင့် နေအိမ် ၁၇ လုံး မီးလောင်မှုဖြစ်ပွား

**ချမ်းမြသာစည် ဇန်နဝါရီ ၁**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၅၈)လမ်းနှင့် ပန်းရံတော်ချောင်းကြား မန္တလေး-မေမြို့သံလမ်းမြောက်ဘက်ကပ်လျက် ကန်သာယာရပ်ကွက် အကွက်အမှတ် (ဗ-၈) တွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ခြင်ဆေးခွေမီးထွန်းရာမှ အနီးရှိအိမ်ထရံသို့ မီးကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် အစီး ၅၀၊ ရေသယ်ယာဉ်ငါးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နေအိမ် ၁၇ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကြောင့် မီးစတင်လောင်ခဲ့သောနေအိမ်ပိုင်ရှင် ဒေါ်ငယ်အား အောင်ပင်လယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး မီးဘေးသင့်ပြည်သူများအတွက် ရပ်ကွက်ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

BAHOSI
BAHOSI HOSPITAL

Congratulations
25th Anniversary of Bahosi Hospital

ဗဟိုရိစည်ဆေးရုံ၏ ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် (၂၅) နှစ်ပြည့် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Option Endoscopic Centre (OEC)
Bahosi Fertility Centre
Bahosi CT
Bahosi Interventional Radiology Centre

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကြည့်ရှု

**ကျောက်ဖြူ ဇန်နဝါရီ ၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ရမ်းဗြဲမြို့ ရမ္မာဝတီဘိုးဘွားရိပ်သာ အုတ်မြစ်တော်ချ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက် ပန္နက်တော်တင်ပေးပြီး ကင်းချောင်းတံတား တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုခဲ့သည်။

ရမ္မာဝတီဘိုးဘွားရိပ်သာ စီမံကိန်းသည် မြေအကျယ်အဝန်း ငါးဧကရှိပြီး စီမံကိန်းတွင် အလျား ၇၂ ပေနှင့် အနံ ၄၈ ပေရှိ သံကူကွန်ကရစ် ဓမ္မာရုံ၊ အလျားပေ ၇၀ နှင့် အနံပေ ၃၀ ရှိ အဘိုးဆောင်၊ အလျားပေ ၇၀ နှင့် အနံပေ ၃၀ ရှိ အဘွားဆောင်၊ အလျား ပေ ၃၀ နှင့် အနံ ၁၅ ပေရှိဆေးပေးခန်း၊ အလျား ပေ ၄၀ နှင့် အနံ ပေ ၂၀ ရှိစားဆောင်၊ အလျားပေ ၂၀ နှင့် အနံ ၁၅ ပေရှိ ချက်ပြုတ်ဆောင်၊ ဝန်ထမ်းဆောင်၊ သိုလှောင်ခန်းနှင့် ဉာဏ်တော် ၂၇ ပေရှိ စေတီတစ်ဆူပါဝင်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရမ်းဗြဲမြို့နယ်ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် အဆောက်အအုံဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရမ်းဗြဲအဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာရှိ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ (ဇင်ချောင်း) ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

အဆိုပါဓာတ်အားခွဲရုံသည် ဇင်ချောင်းကျေးရွာအုပ်စုမှ ကုန်ဘွေကျေးရွာ၊ ကုန်းဘောင်ကြီးကျေးရွာ၊ ဝက်တောပြင်(ရွာမ)ကျေးရွာ၊ ဝက်တောပြင်(ကုန်းဘောင်) ကျေးရွာ၊ ကျီးဒွေကျေးရွာနှင့် တောင်ရင်းကျေးရွာတို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဇင်ချောင်းကျေးရွာနှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာခြောက်ရွာနှင့် ငါးမိုင်အတွင်းရှိ ကျေးရွာကိုးရွာတို့ကို လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးဝေနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားချဉ်းကပ်လမ်း၊ ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ ဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကင်းချောင်းတံတားသည် ရခိုင်ပြည်နယ် ဇင်ချောင်း-ကင်းမြောက်-လေးတောင် လမ်းရှိ ကင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစားအပေါ်ထည် သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင်၊ တံတားအရှည် ၁၂၅၆ ပေ၊ တံတားအကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် လေးပေရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူချိန်မှစ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့သို့ရောက်ရှိပြီး ကျောက်ဖြူမြို့နယ် ဇင်ကျွန်းကျေးရွာမှ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**မော်စီ၊ ကိုမင်း**


ဓာတ်ပုံ- တင်စိုး



# (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ မိတ်ဆုံပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**
မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ကကြီးမှူး၍ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ မိတ်ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြား ရှမ်းတိုင်းရင်းသားများအသင်း (မန္တလေး) တွင် ကျင်းပသည်။

မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးများ မိတ်ဆုံပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးတိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမော်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

# ကျိုက်မရောတွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၁**
ကျိုက်မရောမြို့နယ် ကော့ဒွန်းကော့ပနောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါမီးလင်းရေးမဏ္ဍပ်၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးလင်းရေးသည်လည်း အဓိကကျကြောင်း၊ ယခု ကိုယ့်အားကိုယ်ကိုး မီးလင်းရေးသည် ကျေးရွာပေါင်း ၁၀၀၀ ခန့်ကို မီးလင်းလာနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူလူထုများ တက်ရောက်ခဲ့ကြပြီး တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**




## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများကျင်းပ

**ကော့ကရိတ်**
(၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ထက်၊ လယ်၊ မူအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မျိုးဝင်း(ခရိုင် ပြန်/ဆက်)**

**ဂန့်ဂေါ**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အငယ်တန်း စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ပြိုင်ပွဲဝင် ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများကို ဇန်နဝါရီ ၄ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

**မိုးကောင်း**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၂၀ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို လူငယ်အသင်း ရှစ်သင်းပတ်လည် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို လွတ်လပ်ရေးနေ့ညနေပိုင်း၌ ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်ဦး (ပြန်/ဆက်)**

**မောင်တော**
ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးကျောင်းတိုက် အတွင်းတွင် (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

မောင်တောခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်တို့ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဖြင့် မြို့မမြောက်ရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက်အတွင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



ဓာတ်ပုံ - တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် ဇန်နဝါရီ ၁၅ ရက်တွင်ကျရောက်မည့် နာဂအမျိုးသား နှစ်သစ်ကူးပွဲတော်တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းနာယက၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်သော အဖွဲ့ဝင် ၂၅ ဦး ပါဝင်သည့် ဆောင်းရာသီ တောင်တက်အဖွဲ့ လေရှီးမြို့နယ် အိန္ဒိယနယ်နိမိတ်မျဉ်းပေါ်ရှိ စာရာမေတိ (နွယ်မောက်) တောင်ထိပ်သို့ ဒီဇင်ဘာ ၂၅ ရက်က အောင်မြင်စွာ တက်ရောက်စဉ်။ **ခင်ဇာလီ**

## သံဃာအပါး ၃၀၀ ဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၁**
မန္တလေးတက္ကသိုလ်နှင့် မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ၂၀၁၉ နှစ်သစ်ကူး အလှူအဖြစ် သံဃာအပါး ၃၀၀ ဆွမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီခွဲက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ၊ မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်းမှ ကျောင်းသား ကျောင်းသူများ၊ မန္တလေးတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်လောင်းလှူခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

## ဘိုကလေးမြို့နယ်တွင် စာရင်းအင်းဆိုင်ရာအချက်အလက်များ ပြည့်စုံမှန်ကန်စေရေး စာတမ်းဖတ်ပွဲကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၁**
ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ စာရင်းအင်းဆိုင်ရာ အချက်အလက် ပြည့်စုံမှန်ကန်စေရေး စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ရပ်ကွက်၊ ကျေးရွာများရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး စာရင်းအင်းဆိုင်ရာ အချက်အလက်များပြည့်စုံမှန်ကန်စွာ ပြုနိုင်ရေးအတွက် ရည်ရွယ်ပါတယ်။ ရပ်ကျေးများမှာထားရှိရမယ့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးရုံးတွင်းစာရင်းဇယားထိန်းသိမ်းရေး၊ လုံခြုံရေး စာရင်းအချက်အလက်များ တိကျမှန်ကန်ရေး အရေးကြီးပုံနှင့် မြေပြင်ဆောင်ရွက်ရမယ့် စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်ရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

စာတမ်းဖတ်ပွဲ၌ ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများမှ အဖွဲ့လိုက်ပြုစုထားသော ပုံစံ (၂၇) မျိုး စာရင်းဇယားများ အရေးပါမှုနှင့် မှန်ကန်သောစာရင်းဇယားများဖြည့်သွင်းနိုင်ရေးအတွက် စာတမ်းသုံးစောင်အား ဖတ်ကြားတင်ပြကြသည်။ **သူဇာနွယ်(ဖျာပုံ)**




# မြိတ်မြို့၌ ကွမ်းသီးအပင်မှ စွန့်ပစ်ပစ္စည်းဖြင့် တစ်ခါသုံးခွက်နှင့်ပန်းကန်များ တစ်နိုင်တစ်ပိုင် ထုတ်လုပ်

**မြိတ် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကွမ်းသီးအပင်၏ စွန့်ပစ်ပစ္စည်းတစ်ခုဖြစ်သော ကွမ်းသီးအပင် အခက်အရင်းရှိအဖတ် (ဒေသအခေါ် ဘုတ်ဖတ်) များကို နည်းပညာအသုံးပြု၍ တစ်ခါသုံး အချင်းငါးလက်မအကျယ်ဟင်းခွက်နှင့် အချင်းရှစ်လက်မခွဲအကျယ် ထမင်းပန်းကန်များကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်လျက်ရှိပြီး ဈေးကွက်စတင်ဖြန့်ချိရာ စိတ်ဝင်စားသူများပြား၍ မှာယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်ဆိုင်မှာ တစ်ခါသုံးဖော့ဘူး၊ ဖော့ခွက်တွေကို သုံးပါတယ်။ အဲဒါတွေကိုစွန့်ပစ်ရတဲ့အခါ အခက်အခဲများစွာတွေ့လာရတယ်။ အဲဒါတွေက မဆွေးတဲ့အပြင် ရေမြောင်းတွေ၊ မြစ်ချောင်းတွေမှာ ပိတ်ဆို့မှုတွေ တွေ့ရတဲ့အတွက် သုံးချင်စိတ်မရှိတော့ပါဘူး။ အဲဒီအတွက် တစ်ခါသုံးမှာ အလွယ်တကူ ပျက်စီးနိုင်တဲ့ပစ္စည်းဘာရှိလည်းဆိုပြီး အွန်လိုင်းမှာရှာဖွေရာမှာ ကိုယ့်ဒေသမှာရှိတဲ့ပစ္စည်းဖြစ်တဲ့ ကွမ်းပင်အဖတ်နဲ့ စမ်းသပ်ထုတ်လုပ်ခဲ့ပါတယ်" ဟု ဦးသန်းဇော်ဦးက ပြောသည်။



တစ်ခါသုံးဟင်းခွက်ကို တစ်ရက်လျှင် ၂၅၀ နှင့် ၃၀၀ ခန့်ထုတ်လုပ်နိုင်ပြီး တစ်ခွက်လျှင် အများဝယ်ဈေး ကျပ် ၆၀ နဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ အင်းလေးအထိ ဖြန့်ချိပေးနေပြီး ပန်းကန်ကို တစ်ရက်လျှင် ၂၀၀ ခန့် ထုတ်လုပ်နိုင်၍ တစ်ချပ်လျှင် အများဝယ်ဈေး ၈၀ ကျပ်နဲ့ ဖြန့်ချိပေးနေကြောင်း၊ ကြိုတင်မှာယူမှုများ များပြားလာကြောင်း သိရသည်။ **ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ်အတွင်း ပဲမျိုးစုံတန်ချိန် ၁၄ သိန်းကျော်အထိ တင်ပို့နိုင်

**ရန်ကုန် ဇန်နဝါရီ ၁**

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒအပြောင်းအလဲများကြောင့် မြန်မာ့ပဲဈေးကွက်အတွင်း ထိခိုက်နစ်နာမှုများရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားလာသည့်အတွက် မြန်မာနိုင်ငံ ပဲတင်ပို့မှုမှာ ဆက်တိုက်အားကောင်းလာပြီး တန်ချိန် ၁၄ သိန်းကျော်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ မြန်မာနိုင်ငံရဲ့ အိန္ဒိယပဲဝယ်လိုအား ပြန်လည်အားကောင်းလာခဲ့ပါတယ်။ ဒီသုံးလမှာ မတ်ပဲတစ်မျိုးတည်းကို တန်ချိန် ၃၀၀၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ဈေးနှုန်းကလည်း တစ်တန်ကို ကျပ် ၄၀၀၀၀၀ ကျော်လောက်ကနေ ကျပ် ၁၀ သိန်းလောက်အထိ မြင့်တက်လာပါတယ်။ ခုရက်ပိုင်းမှာတော့ မတ်ပဲက တစ်တန်ကို ကျပ် ၇၈၀၀၀၀ လောက်နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ ပဲစင်းငုံဆိုရင်လည်း တစ်တန်ကို ကျပ်၈၅၀၀၀၀ လောက်အထိ မြင့်တက်ခဲ့ပါတယ်။ ခုရက်ပိုင်းမှာတော့ ကျပ် ၇၃၀၀၀၀ ကို ပြန်ဆင်းလာပါတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံ၏ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှာ စုစုပေါင်း တန်ချိန် ၁၄ သိန်းကျော်အထိ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းစာလျှင် တန်ချိန် ၁၅၀၀၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း၊ Quality Market များဖြစ်သည့် အီးယူ၊ ထိုင်ဝမ်၊ ဂျပန်နှင့် တရုတ်သို့လည်း နှစ်စဉ်တန်ချိန် ၃၀၀၀၀ နှင့် ၄၀၀၀၀ ကြား တင်ပို့နိုင်ခဲ့သည်။

ပြည်ပဈေးကွက်အနေဖြင့် လက်ရှိ မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၀ ဝန်းကျင်၊ ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၄၈၀ ဝန်းကျင်နှင့် ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၈၀၀ မှ ၁၀၀၀ ကြား ဈေးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံဘက်မှ ၂၀၁၈ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မြန်မာနိုင်ငံမှ မတ်ပဲကို တန်ချိန် ၁၅၀၀၀၀၊ ပဲစင်းငုံကို တန်ချိန် ၂၀၀၀၀၀၊ ပဲတီစိမ်းကို တန်ချိန် ၁၅၀၀၀၀ ဝယ်ယူရန် ဆုံးဖြတ်ခဲ့သော်လည်း ဈေးနှုန်းမှာ မြင့်တင်လာမှုမရှိဘဲ မတ်ပဲနှင့် ပဲစင်းငုံဈေးမှာ တစ်တန်လျှင် ကျပ် ၄၀၀၀၀၀ ကျော်သာရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ပဲတင်ပို့မှုမှာ အိန္ဒိယနိုင်ငံ၏ ရာသီဥတုနှင့် ပဲစားသုံးမှုအပေါ်တွင် အဓိကတည်မှီလျက်ရှိရာ အိန္ဒိယနိုင်ငံဘက်မှ ပဲတင်သွင်းမှုဆိုင်ရာမူဝါဒ ပြောင်းလဲသွားမည်ကို မြန်မာပဲတင်ပို့သူများက စိုးရိမ်ပူပန်လျက်ရှိသည်။ **မြင့်မောင်စိုး**

## တိုတိုထွာထွာဖတ်စရာ

### မြို့နယ်လုံးကျွတ် ဘာသာပေါင်းစုံနှစ်သစ်ကူးပွဲတော်ကျင်းပ

**ဖယ်ခုံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ဆဋ္ဌမအကြိမ်မြောက် လူမျိုး၊ ဘာသာပေါင်းစုံ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီက နတ်တောဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပသည်။

ထို့နောက် ကယန်း၊ ရှမ်း၊ ပအိုဝ်း၊ ကယားစသည်ဖြင့် တိုင်းရင်းသားပေါင်းစုံမှ ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**ကိုထွေး(ဖယ်ခုံ)**

### မြန်မာဆယ်မားအူးလ်အွန်ဒုံ လုပ်ငန်းပြီးစီးမှုများဖွင့်လှစ်

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျွန်းကုန်းကျေးရွာတွင် ကျေးရွာသစ်လုပ်ရှားမှုစီမံကိန်း မြန်မာဆယ်မားအူးလ်အွန်ဒုံ (SMU) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း မြန်မာဆယ်မားအူးလ်အွန်ဒုံ (SMU) ၏ ၂၀၁၈ ခုနှစ်အတွင်း လူနေမှုဖွံ့ဖြိုးတိုးတက်ရေး၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သော ရေနုတ်မြောင်းတူးဖော်ခြင်း၊ လမ်းကပ်ပေါင်ပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**



နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းနိုင်ငံ့ဝန်ထမ်းများပါဝင်ပြီး ဖွဲ့စည်းတည်ထောင်ထားသည့် "ပေးဆပ်သူများ နာမှုကူညီရေးအသင်း" ၏ ၂၀၁၉ ခုနှစ် နှစ်သစ်မင်္ဂလာကြိုဆိုသောအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၃၁ ရက်ညနေပိုင်းက အဆိုပါအသင်းရုံးအတွင်း၌ ထမင်းဟင်းလျာများနှင့်စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။ **ကိုပေါက် (ဥတ္တရမြေ)**

၂၀၁၉ ခုနှစ်အောက်တိုဘာတန်းခွဲအတွက် ကျောင်းလျှောက်လွှာများလက်ခံနေပါပြီ။
ဂျပန်နိုင်ငံNAGASAKI မြို့ရှိ Metro IT Business College ကျောင်း၏
ဂျပန်ဘာသာဌာနတွင် ပညာသင်ယူနိုင်မည်ဖြစ်ပါသည်

Enroll Now

1 ကျောင်းလခ အဆောင်လခ သက်သာခြင်း{ ဒုတိယမြောက်နှစ်တွင် ပညာသင်စရိတ်ထောက်ပံ့မှုအစီအစဉ်ရှိ }
2 ပညာသင်သွားရောက်ရန် ကျောင်းလျှောက်ထားမှုအတွက် (ဘာသာပြန်)ဝန်ဆောင်ခ အခမဲ့
3 ဂျပန်နိုင်ငံရှိလေဆိပ်သို့ လာရောက်ကြိုဆိုပြီး အဆောင်အထိ လိုက်လံပို့ဆောင်ပေးခြင်း
4 ဘဏ်စာအုပ် ဖုန်း ကျန်းမာရေးအာမခံကဒ်များ လိုက်ပါပြုလုပ်ပေးခြင်း
5 ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်နိုင်ရန် စီစဉ်ပေးခြင်း
6 NAGASAKI မြို့သည် ပညာသင်လာရောက်ကြသည့်ကျောင်းသားကျောင်းသူများအတွက် အေးချမ်းသာယာပြီး လုံခြုံအန္တရာယ်ကင်းသည့် မြို့တစ်မြို့ ဖြစ်ကာ မှုခင်းဖြစ်ပွားမှုနှုန်းလည်း အနိမ့်ဆုံးမြို့တစ်မြို့ ဖြစ်ခြင်း
7 Metro ကျောင်းသည် ရန်ကုန်မြို့၌လည်း ပညာသင်သွားရောက်ခြင်းနှင့် ပတ်သက်သည့် ဌာန ထားရှိသည့်အတွက် မိဘများအနေဖြင့် အစဉ်သဖြင့် ဆက်သွယ်ဆွေးနွေးတိုင်ပင်နိုင်ကာ ပညာသင်သွားရောက်နေစဉ်ကာလအတွင်း မိမိတို့သားသမီးများအတွက် စိတ်ပူပင်မှုမရှိအန္တရာယ်ကင်းစွာ ပညာသင်ယူစေနိုင်ခြင်း



Study In Japan Nagasaki

5,12,19,26 January 2019 တွင် Seminar ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်

Date 5,12,19,26.January.2019 (Sat)
Time 11:00
Phone 01-372610, 09-262007800

| Class | Day | Period | Time | Starting |
| --- | --- | --- | --- | --- |
| Study In Japan Course | Mon to Fri | 2 months | 9:00 to 4:00 | 28-January |

ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် Study In japan Course ကိုလည်းဖွင့်လှစ်ပါမည်။

METRO IT & Japanese Language Centre

Metro IT & Japanese Language Centre(Room No A,B,C,D),3rd Floor Kyaw Business Tower Condo,
Pansodan Road, Yangon(ပန်းဆိုးတန်းလမ်းအလယ်ဘလောက် AYA Bankအနီး လှေကားဥလွှာ)
ဖုန်း 01-372610, 01-372691, 09-262007800
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

# အိပ်မက်လမ်းသို့ ခရီးရှည် (၄)

မြင့်စိုး(နတလ)

## ပန်နန်းဒင်ဆိုသည်မှာ

စင်စစ်သော်ကား မြန်မာပြည်မြောက်ဖျားဆီက ပန်နန်းဒင်မြို့လေးသည် ကျွန်တော်နှင့် သိပ်ပြီးစိမ်းလှသည်တော့မဟုတ်သေး။ မစိမ်းဆို လွန်ခဲ့သည့်နှစ်လို့ပဲ ပြောရမလား ၂၀၁၈ ခုနှစ် မတ်လထဲမှာ တစ်ခေါက် ရောက်ခဲ့ဖူးပြီ၊ ဝန်ထမ်းဘဝကိုနှုတ်မဆက်မီ ရောက်သင့်သောဒေသဖြစ်သည်ဟု ထင်မြင်ယူဆမိ၍ တမင်ကို ရောက်အောင်သွားခဲ့သည်ဆိုလျှင် မမှားပါ။ မြို့မ ရပ်ကွက်တစ်ခု အိမ်ခြေ ၂၂ အိမ် အိမ်ထောင်စု ၂၀ စု လူဦးရေ ၁၁၉ ဦးနှင့် ထူးဆန်းစွာဖြစ်တည်နေသော မြို့ကလေး၊ တစ်ချိန်ကတော့ မြို့နယ်ခွဲဘဝသို့ ရောက်ခဲ့ဖူးသောကြောင့် သူ့ကို ငါ့ဝါ၊ ဒဇွန်ဒမ်း၊ တဆူထု၊ အလီ အောင်၊ မခွမ်ကန်တည်းဟူသော ကျေးရွာအုပ်စု ငါးအုပ်စုက ဝန်းရံထားပြီး လူဦးရေ ၁၈၀၀ ခန့်ရှိကြောင်း၊ ရဝမ်တိုင်းရင်းသား အများဆုံးနေထိုင်၍ မြောက်ဖျားတွင် တိဘက်လူမျိုးများ အနည်းငယ်တွေ့နိုင်ကြောင်း သိရပါသည်။

အမြင့်ပေ ၅၈၀၀ ကျော်ရှိ ဝိုင်ဖီတောင်ကြောပေါ်မှ လှမ်းမျှော်ကြည့်လိုက်ပါက ရုံးကုန်းဟုခေါ်သည့်နေရာ၌ ရုံးအဆောက်အအုံများကို တစုတဝေးတည်း တွေ့မြင်ရမည် ဖြစ်သကဲ့သို့ တောင်ကုန်းတောင်စွယ်လေးများပေါ်က မြို့မရပ်ကွက်အိမ်စုလေးများကိုလည်း ဟိုတစ်စုသည်တစ်စု တွေ့မြင်ရမည်သာ။ ဆေးရုံနှင့် အထကကျောင်းက သိပ်မဝေးလှ ကပ်လျက်တည်ရှိနေသည်။ ဘယ်နေရာကနေပဲ လှမ်းကြည့်ကြည့်၊ အိန္ဒြေအရဆုံးကတော့ မြို့လေးရဲ့ဘေးမှာ တငြိမ့်ငြိမ့်တေးဆိုရင်း စီးဆင်းနေသော နမ့်တမိုင် ချောင်းလေးပဲဖြစ်ပါလိမ့်မည်။ သူ့အပေါ်မှာ ကြိုးတံတားလေးတစ်စင်းက အလှပေါ်အယဉ်ဆင့်လျက် ပန်နန်းဒင်မြို့လေး၏ အလှကို ပိုမိုဝင့်ထည်စေခဲ့သည်။ အေးမြကြည်လင်သော ချောင်းရေတို့သည် မေခမြစ်အတွင်းသို့ စီးဝင်ကြကုန်၏။ နောင်မွန်မြို့လေးကဲ့သို့ပင် ပန်နန်းဒင်မြို့လေး၏ ဂုဏ်သိက္ခာကို ပိုမိုခံ့ညားထည်ဝါစေသော အကြောင်းရင်းတစ်ရပ်မှာ ခါကာဘိုရာဇီအမျိုးသား ဥယျာဉ်သည် နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်ဒေသအတွင်း မြောက်လတ္တီကျု၂၇° ၃၀" နှင့် ၂၈° ၃၀" အကြား၊ အရှေ့လောင်ဂျီကျု ၉၇° ၁၅" နှင့် ၉၈° ၁၅" အကြားတည်ရှိနေ၍ ဝင်ပေါက်သဖွယ်ဖြစ်နေခြင်းပင်တည်း။

## ခါကာဘိုရာဇီ (သို့) အထန်ဘွန်ရာဇီ


အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ၌သာ ရေခဲတောင်များကို တွေ့မြင်နိုင်မည် ဖြစ်သကဲ့သို့ ထိုအထဲကမှ အမြင့်ပေ ၁၉၂၉၆ ပေရှိ ခါကာဘိုရာဇီတောင်ထွတ်သည် နောင်မွန် ပန်နန်းဒင်ဒေသ၏ အနောက်မြောက်အရပ်တွင် တည်ရှိနေပေရာ သူ၏ ကျော်စောသတင်းကလည်း ဒေသခံတိုင်းရင်းသားများအတွက် ဂုဏ်ယူစရာကောင်းလှပေသည်။ ခါကာဘိုရာဇီတောင်ကို ရဝမ်ဘာသာစကားအရ အထန်ဘွန်ရာဇီဟုခေါ်ကြောင်း၊ အထန်ဘွန်ဆိုသည်မှာ အလွန်မြင့်မား၍ အဘက်ဘက်မှ ရှင်းလင်းပြတ်သားစွာမြင်ရသော၊ ဘွန်ကတော့ ဝပ်စင်းနေခြင်း၊ ရာဇီကတောင်ကိုခေါ်ခြင်းဖြစ်ပေရာ အဘက်ဘက်မှ လှမ်း၍ မြင်နေရသည့် ဝပ်စင်းနေသောတောင်ကြီးဟု အဓိပ္ပာယ်ရကြောင်း သိရှိရပါသည်။ ပန်နန်းဒင် ဒေသသည် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ အမျိုးအစားစုံလင်လှသည့် တောရိုင်းတိရစ္ဆာန်များ၊ ပရဆေးအပင်များအပါအဝင် ရှားပါးသစ်ပင်မျိုးစိတ်များ၊ ထူးခြားသည့် ဂေဟစနစ်များကို သွားရောက်ကြည့်ရှုလေ့လာရန် တစ်ထောက်နားဒေသ ဖြစ်လာနိုင်သကဲ့သို့ ထိုဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားတို့၏ နှစ်လိုဖွယ်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကလည်း စွဲဆောင်လျက်ရှိပေရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ လူသိများထင်ရှားကျော်ကြားလာမည်ဟု ယုံကြည်မိပါသည်။



## ကျွန်တော်နှင့် ပန်နန်းဒင်

ပြီးခဲ့သည့် မတ်လကတစ်ခေါက် ရောက်ဖူးထားပါလျက်ကယ်နှင့် အဘယ်ကြောင့် ပန်နန်းဒင်မြို့လေးရှိရာကို ထပ်မံရောက်လိုသည့် စိတ်အာရုံချဉ်ခြင်းတပ်မက်မှုဖြစ်ပေါ်နေရပါသနည်း၊ ရေခဲတောင်တွေကို နောက်ခံထား၍ ဝိုင်ဖီတောင်ကြောပေါ်မှ လှမ်းမြင်နေရသော ပန်နန်းဒင်မြို့၏ အလှကြောင့်လား၊ တငြိမ့်ငြိမ့်တလှုပ်လှုပ်ကြိုးတံတားလေးပေါ်မှာ ဖြတ်လျှောက်ရင်း တွေ့မြင်ခဲ့သည့် နမ့်တမိုင်ချောင်း၏ အလှကြောင့်လား၊ ဒါမှမဟုတ် ပန်နန်းဒင်မြို့ခံ ရဝမ်တိုင်းရင်းသူလေး မချန်တန်နင်ဇီတို့သားအဖ ချက်ကျွေးလိုက်သည့် ရဝမ်ရိုးရာ ထမင်းဟင်းတွေကြောင့်ပဲလားဆိုတာ ခွဲခြား၍ မသိနိုင်တော့ပါချေ။ မသိသည့် အထဲကမှ သေချာတာတစ်ခုကတော့ အိပ်မက်လမ်းက ခရီးရှည်ဟု အမည်ပေးထားသည့် မဂွေဇ- ခေါင်လန်ဖူး ကားလမ်းဖောက်လုပ်နေသည့်အကြောင်း၊ MRTV အဖွဲ့ ရိုက်ကူး ပြသရာတွင် ကျွန်တော် သံယောဇဉ်ကြီးမိသော ပန်နန်းဒင်ပုံရိပ်တွေ ပါသွားစေချင်သည်။ ပန်နန်းဒင် ဆိုတာကို ကြားဖူးသူ ရောက်ဖူးသူ အလွန်နည်းပါလိမ့်မည်။ လူကြီးခရီးစဉ်တွေမှာ ရဟတ်ယာဉ်ဆင်းနိုင်ပါမှ ပန်နန်းဒင်တို့၊ ခေါင်လန်ဖူးတို့ဆိုတာကို သတင်းလွှင့်ချိန် တီဗွီမှာမြင်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် မြို့လေးနှင့်သူတို့ ပတ်ဝန်းကျင်အနေအထား၊ ထိုမြို့လေးက ရဝမ်တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ လူမှုစီးပွားဘဝနှင့် သဘာဝအတိုင်း လှုပ်ရှားသွားလာနေထိုင်မှု ဓလေ့စရိုက်များကို မြင်တွေ့စေချင်ပါသည်။ ထို့ကြောင့် ဒီဇင်ဘာလ ၁၀ ရက်နေ့က နောင်မွန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးမည့် ဒုတိယဝန်ကြီးထံ ခွင့်တောင်း၍ ထိုအဖွဲ့နှင့်မလိုက်တော့ဘဲ ပန်နန်းဒင်သို့ ကင်မရာတစ်ဆိုင်းနှင့်အတူ ထွက်ခဲ့ကြခြင်းဖြစ်သည်။

ကင်မရာတစ်ဆိုင်းဆိုသော်ငြားလည်း ထုတ်လုပ်ရေးမှူး ဒေါ်ဆွေဆွေသန်း၊ ကင်မရာ ရိုက်ကူးပေးမည့် ဂေါ်လူဂျာနော်ဆိုင်းတို့ နှစ်ဦးသာပါဝင်ပြီး ပူတာအိုခရိုင်ရုံးမှ တပည့်ဒုညွှန်မှူး ဦးဇော်လွင်ဦး၊ ဒုဦးစီးမှူးဦးစိုးလွင်ဦးတို့လိုက်ပါကူညီခဲ့ကြသည်။ ဂေါ်လူဂျာနော်ဆိုင်းက ဂျိန်းဖော တိုင်းရင်းသားမျိုးနွယ်ဖြစ်ပြီး လုပ်ငန်းအပေါ် စိတ်ရှည်သလို စကားပြောရာတွင်လည်း ရိုးသားပွင့်လင်းသည်။ သူရော သမီးငယ်ဆွေဆွေသန်းပါ ပန်နန်းဒင်သို့ မရောက်ဖူးကြသေးပေ။ တောတောင်သဘာဝရှုခင်းကအစ သူတို့၏လူနေမှုဘဝပုံစံတွေကို သေချာရိုက်ကူးခွင့်ရမည်။ သို့သော် ကားလမ်းကတော့ ဝိုင်ဖီတောင်ကို အတက်အဆင်းပြုလုပ်ရမည်။ လမ်းနည်းနည်းကြမ်းသလို အချိန်တော်တော်ကြာကြာစီးရမည်ဟု ကြိုတင်အသိပေးပြီးမှ ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၉ ရက်နေ့၌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့်အတူ ခရီးစဉ်လိုက်ပါသူအားလုံး ဆန်းလွတ်ချက်တောင်ထိပ်ပေါ်တွင် ညအိပ်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ နောက်တစ်နေ့ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်စောစောတောင်ထိပ်မှ မဂွေဇသို့ပြန်ဆင်းပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့က နောင်မွန်မြို့သို့ လည်းကောင်း၊ ကျွန်တော်တို့အဖွဲ့က ပန်နန်းဒင်မြို့သို့လည်းကောင်း၊ ဆက်လက် ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ တောင်ထိပ်မှ မဂွေဇသို့ ပြန်ဆင်းသည်က မိုင် ၃၀ ကျော်၊ မဂွေဇမှ ရပ်ဘော့သို့ဖြတ်ပြီး ပန်နန်းဒင်ခရီးက ၃၆ မိုင်ဖြစ်သည်။ ခရီးမိုင်အားဖြင့်တော့ ဝေးလှသည်ဟုမဆိုသာ၊ ဝိုင်ဖီတောင် အတက်အဆင်းမတ်၍ အနည်းငယ်အချိန်ယူ သွားလာရခြင်းဖြစ်ပါသည်။ ခရီးဘယ်လိုပင်ပန်းမည်ပဲ ပြောပြော၊ ဝိုင်ဖီတောင်အတက်မှာ ဟိုး. . . အမြင့်ဆီမှ စီးကျနေသောရေတံခွန်ငယ်လေးတွေကို စတွေ့လိုက်သည်နှင့် ဆွေဆွေသန်းတို့ အနုပညာမောင်နှမနှစ်ယောက် ရိုက်ကူးရေးလုပ်ငန်းများစတင်ပါတော့သည်။



## ပန်နန်းဒင်ဒေသပညာရေး

ထိုဒေသပညာရည် မြင့်မားတိုးတက်စေချင်ပါသည်။ အမကကျောင်းတွေမှာရော ပန်နန်းဒင် အ-ထ-က(ခွဲ) ကျောင်းမှာပါ တက်ရောက်သူ ကျောင်းသား၊ ကျောင်းသူဦးရေ များပြားဖို့လိုပါသည်။ ငါ့ဝါ အ-မ-က ကျောင်းမျိုးမှာ ဆရာတစ်ယောက်၊ ကျောင်းသားတစ်ယောက်ပဲရှိသလို၊ ပန်နန်းဒင် အ-ထ-ကခွဲမှာလည်း ၁၀ တန်းကျောင်းသား တစ်ယောက်ရှိသော်ငြားလည်း၊ ကိုးတန်းကျောင်းသားမရှိကြောင်းသိရသည်။ အဘယ်ကြောင့်ပါနည်း၊ မနှစ်ကမှ မြို့ထိပ်နားအထိ ကားလမ်းပေါက်သလို တယ်လီဖုန်းဆက်လိုလျှင် ၄၁ မိုင်ဝေးသော နောင်မွန်မြို့သို့သွားပြောမှ လိုင်းမိသည်။ ဆိုင်ကယ်ငှားခမှာ အသွားချည်းပဲ လေးသောင်း၊ ငါးသောင်းကျပ်ပေးရသည်။ လမ်းပန်းနှင့်ဆက်သွယ်ရေးက ဤသို့ဤပုံနှစ်ပါးသွားနေရသောအခါ ဒေသခံကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ကျောင်းတော်မဟာကိုစွန့်ခွာ၍ ပူတာအိုလိုနေရာ၊ နောင်မွန်လိုနေရာတွေမှာ သွားရောက်နေထိုင် ပညာသင်ယူနေကြသူများရှိကြောင်း သိရသည်။ ထိုဒေသပညာရေးကို အထောက်အကူဖြစ်စေသော၄ာ၊ ပထမအကြိမ် ကျွန်တော်ရောက်ရှိစဉ်က ပန်နန်းဒင်အထကခွဲကျောင်းအတွက် ဝန်ထမ်းအိမ်ရာနှစ်လုံး၊ ဒေသမှ အမကကျောင်းများအတွက် ဆိုလာမီးအစုံ ၃၀ ကျော်၊ ဘုန်းကြီးကျောင်းပြုပြင်ရန် အလှူငွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်ထံ တင်ပြခွင့်ပြုချက်ရယူ၍ ထောက်ပံ့ပေးခဲ့ပါသည်။

## ပန်နန်းဒင်ဒေသလမ်းပန်းဆက်သွယ်ရေး

ရပ်ဘော့-ပန်နန်းဒင်လမ်းကို ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်တွင် နတလက စတင်ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ပဆငမှ ဆက်လက်ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၇ ခုနှစ်တွင် နမ့်တမိုင်ချောင်းထိပ်အထိ ကားလမ်းပေါက်ခဲ့ပြီဖြစ်သည်။ ပန်နန်းဒင်မှ တဟွန်ဒမ်းဒေသဘက်သို့လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ကားလမ်းဖောက်လုပ်ပေးနေပြီဖြစ်သည်။ နမ့်တမိုင်ချောင်းကို စက်ယန္တရားကြီးများ ခက်ခက်ခဲခဲဖြတ်ကျော်၍ လမ်းဖောက်လုပ်ခဲ့ရခြင်းဖြစ်သည်။ ဆက်လက်၍လည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပေသည်။ **(ဆက်လက်ဖော်ပြမည်)**

# ချစ်သူတွေ ဖြစ်နေကြောင်း သတင်းတွေ ထွက်လာတဲ့ ခါအီနဲ့ ဂျန်းနီ



၂၀၁၉ ခုနှစ်ရဲ့ နှစ်စပိုင်းမှာတော့ တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုက လတ်တလောမှာတော့ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲတစ်တွဲကို သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ပြီး နှစ်ဦးသား ချစ်သူတွေဖြစ်နေကြကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ သူတို့ကတော့ ကမ္ဘာကျော်အမျိုးသားကေပေါ့ပ်တေးဂီတအဖွဲ့ "EXO"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခါအီနဲ့ ကျော်ကြားတဲ့ အမျိုးသမီးကေပေါ့ပ်တေးဂီတအဖွဲ့ "BLACK PINK"ရဲ့ ဂျန်းနီတို့ဖြစ်ကြကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၉ ခုနှစ်ရဲ့ စာမျက်နှာအဖွင့်မှာတော့ ခါအီနဲ့ ဂျန်းနီတို့ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေဟာ ဒေသတွင်း မီဒီယာစာမျက်နှာတွေပေါ်မှာသာမက ဟောလိဝုဒ်မီဒီယာတွေကပါ ရှေ့ဆုံးကနေ ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီသတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ကာယကံရှင်တွေက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ဂျန်းနီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ကတော့ သူတို့နှစ်ဦး ချစ်သူတွေ ဖြစ်နေလားဆိုတာ သေချာမသိကြောင်း၊ ဆက်သွယ်မေးမြန်းနေဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့တယ်လို့ သိရပါတယ်။

အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဒစ်ဘက်ချ်က ဇန်နဝါရီ ၁ ရက်မှာ ကေပေါ့ပ်ကြယ်ပွင့်နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း ဓာတ်ပုံတွေနဲ့အတူ ဖော်ပြလာတာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဓာတ်ပုံတွေမှာတော့ သူတို့နှစ်ဦးဟာ လက်ချင်းတွဲကာ လမ်းလျှောက်နေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုနှစ်ဦးသား အလည်အပတ်ထွက်ခဲ့စဉ် ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ခါအီက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၅ ရက်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂ ရက်မှာ ခါအီက ဟာဝိုင်အီက ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ဂျန်းနီနေထိုင်ရာ တိုက်ခန်းကို ရောက်ရှိလာတာ ဖြစ်ပါတယ်။ ကားပါကင်မှာ ကားရပ်ပြီးတဲ့နောက် လက်ဆောင်ဝယ်လာတဲ့ အိတ်တစ်လုံးကို ကိုင်ဆောင်ကာ ထွက်ခွာသွားတာကိုလည်း တွေ့ရပါတယ်။ အဆိုပါအိတ်ဟာ ဂျန်းနီအတွက် ဝယ်လာတဲ့လက်ဆောင်တွေထည့်ထားတာဖြစ်နိုင်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# တေးစာသားတွေကို ပြောင်းလဲဖို့ရာ စဉ်းစားနေတဲ့ Spice Girls

ကမ္ဘာကျော် အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Spice Girls"ဟာ အဖွဲ့ရဲ့ တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့တဲ့ တေးသီချင်းတွေရဲ့ စာသားအချို့ကို ပြောင်းလဲဖို့ရာ စဉ်းစားနေတာဖြစ်ပါတယ်။ လာမယ့်နှစ်အတွင်း နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ အဖွဲ့ရဲ့ တေးသီချင်းအချို့ကို ပြန်လည်သီဆိုဖျော်ဖြေရာမှာတော့ စာသားအချို့ကို ပြောင်းလဲသီဆိုလိုတာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၉ ခုနှစ်အတွင်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးခဲ့ပြီးနောက် အဖွဲ့ဝင်တွေဟာ လတ်တလောမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေကြတာပါ။ ဒီအချိန်မှာတော့ သူတို့ရဲ့အကျော်ကြားဆုံးသော တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေဖို့ ပြင်ဆင်ရင်းက တေးသီချင်းအချို့ရဲ့ စာသားတွေကို ပြောင်းလဲသီဆိုဖို့ရာ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

"Spice Girls"မှာ ယခင်က ဗစ်တိုးရီးယားဘက်ခမ်းပါဝင်ခဲ့တာ ဖြစ်ပေမယ့် မကြာမီပြုလုပ်သွားမယ့် နယ်လှည့်ဖျော်ဖြေပွဲတွေမှာတော့ ပါဝင်နိုင်ခြင်းမရှိတာကြောင့် အဖွဲ့ဝင်လေးဦးနဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲတွေကိုတော့ လာမယ့်မေလအတွင်း စတင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။





# မက်ခ်မေလာကို သတိတရ ရှိနေသေးတဲ့ အာရီရာနာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ချစ်သူဟောင်းဖြစ်တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ တေးသံရှင် မက်ခ်မေလာနဲ့ပတ်သက်ပြီး ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် အရီရန်နာဂရန်းဒ်အနေနဲ့ မက်ခ်မေလာကို သတိတရရှိနေသေးတာဖြစ်တယ်လို့ ဆိုရမှာပါ။

လတ်တလောမှာ အရီရန်နာဂရန်းဒ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ စန္ဒရားတီးနေတဲ့ မက်ခ်မေလာရဲ့ ဓာတ်ပုံဟောင်းတစ်ပုံကို ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ယင်းဓာတ်ပုံဟာ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဓာတ်ပုံဆရာ စတီဖန်ကိုလီက ဖော်ပြခဲ့ဖူးတဲ့ပုံလည်း ဖြစ်ပါတယ်။ ဒီလိုဖော်ပြပြီးနောက် မကြာမီမှာပင် အရီရန်နာဂရန်းဒ်က သူဖော်ပြခဲ့တာတွေကို ပြန်လည်ဖျက်သိမ်းခဲ့တာကိုလည်း တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## နှစ်သစ်အကြိုဖျော်ဖြေပွဲမှာ ပါဝင်တင်ဆက်ခဲ့တဲ့ ကမ်မီလာကပ်ဘဲလို

နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုဟာ ၂၀၁၉ ခုနှစ်ကိုကြိုဆိုတဲ့ တေးဂီတဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ရဲ့ နောက်ဆုံးအချိန်တွေမှာ ကမ်မီလာကပ်ဘဲလိုက "Dick Clark's New Year's Rockin' Eve" အစီအစဉ်မှာ ပါဝင်တင်ဆက်ခဲ့တာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့ အောင်မြင်တဲ့တေးသီချင်း "Havana"ကိုလည်း သီဆိုခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့် – စုစည်းသည်

# အတိတ်ဟောင်းကို သတိရနေတဲ့ ယူရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယူရီဟာ လတ်တလောမှာတော့ အဆိုပါတေးဂီတအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်ကိုးဦးအတူရှိနေတဲ့ ပုံရိပ်တွေကို လတ်တလောမှာ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြရင်း အတိတ်နေ့ရက်တွေကို ပြန်လည်အမှတ်ရစေခဲ့တာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ယူရီက ဒီဇင်ဘာ ၂၇ ရက်မှာ သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ အဖွဲ့ဝင်ကိုးဦးလုံးပါဝင်စဉ် ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်ကို ဖော်ပြခဲ့ပါတယ်။ ဒီဗီဒီယိုနဲ့အတူ အတိတ်နေ့ရက်တွေကို ပြန်လည်သတိရမိကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ ဗီဒီယိုဟာ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဂျက်ဆီကာရှိစဉ်က ဗီဒီယိုဖိုင်ဖြစ်ပါတယ်။

ဒီဖော်ပြခဲ့မှုအပေါ် ပရိသတ်တစ်ဦးက ယူရီကို အတိတ်နေ့ရက်တွေကို ပြန်လည်သတိရနေတာလားရယ်လို့ မေးမြန်းထားပြီး ပရိသတ်တွေအနေနဲ့လည်း တစ်ချိန်က "Girls' Generation" ရဲ့ နေ့ရက်တွေကို ပြန်လည်သတိရမိနေကြောင်း ဖော်ပြခဲ့တာတွေ့ရပါတယ်။ ယင်းဝေဖန်ရေးသားမှုကို ယူရီက ကြိုက်နှစ်သက်ကြောင်း ပြန်လည်ဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။





## မဲလံဆံတော်ရှင်နှင့် ကျောက်ပိရဟန္တာသို့ လာရောက်သည့် ဘုရားဖူးခရီးသည်များပြား

**ဘီးလင်း ဇန်နဝါရီ ၁**

၂၀၁၈ ခုနှစ်အကုန် ၂၀၁၉ ခုနှစ်အကူး ရုံးပိတ်ရက်ကာလတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် မဲလံဆံတော်ရှင်နှင့် ကျောက်ပိရဟန္တာသို့ လာရောက်သည့် ဘုရားဖူးဦးရေသည် ပုံမှန်ရက်များကထက် ငါးဆကျော်များပြားလာကြောင်း မဲလံဆံတော်ရှင် တောင်တက်တောင်ဆင်းကားမောင်းသူတစ်ဦးထံမှ သိရသည်။

"အခုနှစ်သစ်ကူးကာလ ခရီးသည်များတာ နှစ်ရက်ရှိပြီ။ ကား ၄၃ စီးစလုံး အခုလိုကာလကတော့ သုံးခေါက်၊ လေးခေါက်လောက် ဆွဲပေးရတယ်။ လူကြီးတစ်ဦးအတွက်ကို ၁၀၀၀ ယူတယ်။ အဆင်းကို ၅၀၀ ယူတယ်။ ငယ်တဲ့ ကလေးတွေနဲ့ ရဟန်းသံဃာ၊ သီလရှင်တွေဆို အခမဲ့ပြေးဆွဲပေးပါတယ်။ ခေါင်းခန်းကလိုက်ရင် အတက်ရောအဆင်းပါ ၂၀၀၀ ယူပါတယ်" ဟု ကားမောင်းသူကပြောသည်။

မဲလံဆံတော်ရှင်စေတီတော်သည် မြတ်စွာဘုရားဆံတော်မြတ် ကိန်းဝပ်တော်မူရာ ဆံတော်ရှင်စေတီဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် စေတီတော်ဖြစ်သောကြောင့် ဘုရားဖူးသူများနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ပခုက္ကူမြို့ ၄၇ မိုင်ရှိ အုန်းတောယောချောင်းသာ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**ပေါက် ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့အရှေ့ဘက်တစ်မိုင်ခန့်အကွာ ပခုက္ကူမြို့အနောက်ဘက် ၄၇ မိုင်ခန့်အကွာ၊ အမှတ်(၁) ပေါက်ယောချောင်းတံတား (အုန်းတောတံတား)အောက်ဘက် ယောချောင်းဘေးတွင် ဒီဇင်ဘာ ၃၁ ရက် ရုံးပိတ်ရက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့အပန်းဖြေရာတွင် ၄၇ မိုင် ယောချောင်းသာ အပန်းဖြေစခန်းမှ ဒေသထွက်အစားအစာများနှင့် ရေဆော့သူ၊ ရေကစားသူများ အဆင်ပြေစေရန်အတွက် ဘောကွင်းများ၊ ရေလယ်အဆောက်အအုံစင်များ၊ မျှော်စင်များ ဆောင်ရွက်ထားရှိပြီး ဝန်ဆောင်ခအနေဖြင့် ရေလယ်အဆောက်အအုံစင်တစ်ခုကို တစ်နာရီလျှင် ကျပ် ၃၀၀၀ ပေးဆောင်ရပြီး ဘောကွင်းတစ်ခုလျှင် တစ်နာရီ ကျပ် ၅၀၀ နှင့် အစားအသောက်အနေဖြင့် မိမိတို့နှစ်သက်သည့် အစားအသောက် ပေါ်မူတည်၍ ပေးဆောင်ရပြီး ပျော်ရွှင်စွာရေကစားအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး (ပေါက်)**



# မအူပင်ကလေးစာပေပွဲတော်မှ ရင်တွင်းစကားသံများ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၃၀ နှင့် ၃၁ ရက်တို့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော်တွင်ပါဝင်ဆင်နွှဲကြသည့်သူများ၏ ရင်တွင်းစကားသံများအား တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။



**မသီရိထိုက်(သတ္တမတန်း)**

စာအုပ်တွေလည်းဝယ်ပါတယ်။ အင်္ဂလိပ်စာကဗျာရွတ်၊ စင်ဒရဲလားပြဇာတ်တွေမှာလည်း ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ကင်းထောက်နေရာက တစ်ထောင့်တစ်နေရာ ပါဝင်ခွင့်ရတဲ့အတွက် အတိုင်းမသိ ပျော်ရွှင်မိပါတယ်။



**မအိမ့်သူသူအောင် (သတ္တမတန်း)**

သမီးအနေနဲ့ မအူပင်မြို့မှာ ကလေးစာပေပွဲတော် လာရောက်ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စာအုပ်ဈေးရောင်းပွဲမှာလည်း ပုံပြင်စာအုပ်၊ လိမ္မာရေးခြားရှိစေမယ့်စာအုပ်၊ ဗဟုသုတရစေမယ့်စာအုပ်တွေကို ရွေးပြီးဝယ်ပါတယ်။



**ဒေါ်သောင်းနုရည်**
**(အလယ်တန်းပြဆရာမ)**

ကျွန်မတို့ကျောင်းမှာ ကလေးစာပေပွဲတော်လာပြီးဆောင်ရွက်တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တွေက ကလေးတွေလည်း စာပေနဲ့ ထိတွေ့ခွင့်၊ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အားလုံးရဲ့ကိုယ်စား စီစဉ်ဆောင်ရွက်ပေးသူအားလုံးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။



**မောင်ဟိန်းထက်ဦး (ကင်းထောက်လူငယ်)**

ကာတွန်းနဲ့ပုံပြင်စာအုပ်တွေ၊ ဗဟုသုတပေးတဲ့စာအုပ်တွေကို ရွေးပြီးဖတ်ပါတယ်။ သုံးယောက်တွဲခုံဖိနပ်စီးတာကို တစ်ခါမှမကစားဘူးသေးတော့ သူငယ်ချင်းတွေနဲ့ အတူကစားပါတယ်။



**မထက်ဝတ်ရည်မွန် (နှစ်ထပ်ကွမ်းလူရည်ချွန်၊ ဒသမတန်း–A)**

သူငယ်ချင်းတွေနဲ့အတူ ပါဝင်ဆင်နွှဲပါတယ်။ စာစီစာကုံးစာအုပ်တွေ၊ အင်္ဂလိပ်စာအက်ဆေးစာအုပ်တွေ ဝယ်ပါတယ်။ ဆယ်တန်းစာမေးပွဲဖြေပြီးရင် ပြင်ပစာပေတွေ အများကြီးဖတ်မယ်လို့ အားခဲထားပါတယ်။ အခုတော့ ကျောင်းစာမှာ အထောက်အကူရအောင် (စု၊ တု၊ ပြ) ဖို့ စာအုပ်တွေကို ဝယ်ယူပါတယ်။

ကလေးစာပေပွဲတော်တွင် ကဗျာရွတ်၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်နှင့် အိမ်ဆောက်၊ စကားပုံဆက်ပြိုင်ပွဲများ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ စာပေအသိပညာပေးဟောပြောဆွေးနွေးပွဲများ၊ ခါးလှည့်၊ ထုပ်ဆီးတိုး၊ သုံးယောက်တွဲခုံဖိနပ်စီး အစရှိသည့် ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများ၊ ပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မအူပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကလေးများ စာအုပ်စာပေဖတ်ရှုကာ ပညာရှာဖွေနိုင်သူများဖြစ်စေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝကာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့်သူများဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**တွေ့ဆုံမေးမြန်း–နေဝင်းမြင့်၊**
**ဓာတ်ပုံ–နန်းထိုက် (KGD)**

## သံတောင်ကြီးမြို့နယ် နော်ဘူဘောဆုတောင်းတောင် နှစ်သစ်ကူးရုံးပိတ်ရက် လာရောက်လည်ပတ်သူများဖြင့်စည်ကား

**သံတောင်ကြီး ဇန်နဝါရီ ၁**

ကရင်ပြည် သံတောင်ကြီးမြို့နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော နော်ဘူဘောဆုတောင်းတောင်တွင် အစိုးရရုံးပိတ်ရက်များအတွင်း လာရောက်လည်ပတ် ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

နော်ဘူဘောဆုတောင်းတောင် ကော်မတီအတွင်းရေးမှူး ဆရာတော်ဦးစောစံလှက "ပွင့်လင်းရာသီရောက်တာနဲ့ ဧည့်သည်များ အဆက်မပြတ်ရောက်လာခဲ့ကြတယ်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေရက်များ၊ အစိုးရရုံးပိတ်ရက်များ၊ နေ့ထူးနေ့မြတ်ရက်တွေမှာ လူပိုများပြီး တောင်ခြေ၌ ညအိပ်တည်းခိုသည့် ဧည့်လည်းများတယ်" ဟု ပြောကြားသည်။

ထို့ပြင် လာရောက်လည်ပတ်သူများသည် အမှတ်တရလက်ဆောင်အဖြစ် ဒေသထွက်ပစ္စည်းများဖြစ်သော ကော်ဖီ၊ လက်ဖက်ခြောက်၊ မှိုခြောက်၊ ပျားရည်များ ဝယ်ယူကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နှစ်သစ်ကူးရုံးပိတ်ရက် ငပလီကမ်းခြေ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် အထူးစည်ကား

**သံတွဲ ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ၏ အလှစာမျက်နှာတစ်ခုဖြစ်သည့် ငပလီကမ်းခြေ၌ ယခုနှစ် ဒီဇင်ဘာကျောင်းပိတ်ရက်များနှင့် နှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အပန်းဖြေလာရောက်ကြသည့်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ငပလီကမ်းခြေတွင် ခရီးသွားအပန်းဖြေကြသည့်သူများ၊ ရေဆင်းချိုးသူများ၊ ပုလဲကျွန်းသို့ သွားရောက်၍ အပန်းဖြေကြသည့်သူများဖြင့် အထူးစည်ကားလျက်ရှိရာ တည်းခိုခန်းနှင့် ဟိုတယ်များတွင် တည်းခိုသူများပြားလျက်ရှိကြောင်း တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ဝန်ထမ်းတွေအတွက်တော့ နှစ်သစ်ကူးရုံးပိတ်ရက်များမှာ ငပလီကမ်းခြေမှာ လာရောက်အပန်းဖြေရတာ ပျော်ပါတယ်" ဟု ရန်ကုန်မြို့မှ လာရောက်သည့် ကိုစိုးမိုးက ပြောသည်။

ယခုနှစ်တွင် စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ခရီးသွားများက ကားများဖြင့် လာရောက်လည်ပတ်ကြသည့်အတွက် ဗျာဒိတ်တော်ဆံတော်၊ အံတော်၊ နံတော် သမိုင်းဝင်စေတီတော်များနှင့် မဒေးတောင်ဘုရားများတွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ ယခင်နှစ်ကထက် ပြည်တွင်းခရီးသွားများပြားကြောင်း သိရသည်။

**နေမျိုးအောင်(ခရိုင်ပြန်/ဆက်)**



ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၂) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

င - ၈၂၀၁၃၆

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ကဏ - ၅၃၇၁၆၆
က - ၇၁၈၁၄၁

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀၀)ဆုများ

တ - ၂၂၃၈၆၆
င - ၇၁၄၉၂၀
ခ - ၃၀၂၀၁၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဘ - ၁၂၆၁၉၅
ဂ - ၃၂၃၇၉၃
ကဈ - ၄၄၇၆၁၀
ကဒ - ၃၀၁၆၁၅
ဇ - ၃၇၄၆၆၉

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

ဏ - ၁၂၄၀၂၆
ဏ - ၂၃၂၀၁၅
ဖ - ၂၇၇၄၀၇
ဋ - ၂၉၇၇၁၈
ဓ - ၃၃၈၈၃၇
ဠ - ၄၃၈၉၅၂
ဝ - ၄၇၆၅၃၉
ဠ - ၅၀၉၈၅၇
ကစ - ၅၃၀၉၂၄
ဝ - ၅၄၇၀၄၂
ကခ - ၆၄၄၉၂၈
တ - ၇၀၄၇၀၀
ကက - ၈၄၆၄၅၂
ဎ - ၈၅၄၁၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ကဏ - ၁၂၀၉၂၀
ဍ - ၁၅၅၄၃၁
ခ - ၂၄၉၅၈၁
ကခ - ၃၁၂၄၄၃
ပ - ၃၄၇၆၅၈
ကစ - ၃၆၈၈၃၃
ကဃ - ၅၅၆၉၆၈
ဗ - ၅၈၄၂၄၀
ကစ - ၈၂၂၃၀၅
ဂ - ၈၂၄၅၀၄
ခ - ၈၃၀၃၅၉
ဗ - ၈၄၀၁၉၂
ကဃ - ၈၆၅၈၉၃
ဂ - ၈၆၇၀၉၁

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ဆ - ၁၀၃၅၇၆
ယ - ၁၀၃၇၀၂
ဖ - ၁၈၀၂၄၁
ကတ - ၁၈၇၉၂၁
သ - ၁၉၄၇၅၄
ဓ - ၂၁၁၅၈၇
မ - ၂၄၉၂၃၄
အ - ၂၈၇၄၀၀
ကစ - ၃၀၀၈၆၂
ဈ - ၄၃၅၃၇၇
ဂ - ၅၉၁၃၅၄
ဠ - ၆၀၈၇၅၄
ဗ - ၇၆၄၂၅၅
ဌ - ၈၉၄၂၃၈
ဋ - ၉၄၈၀၂၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

င - ၁၁၀၁၁၂
အ - ၁၃၇၂၁၂
ဗ - ၁၇၅၄၅၀
ပ - ၂၂၂၃၀၇
ဟ - ၂၅၃၁၉၇
ဌ - ၂၇၂၄၃၃
လ - ၃၅၂၆၁၁
ရ - ၄၂၀၂၀၀
ကင - ၅၇၁၈၅၂
ကခ - ၆၁၃၇၇၃
င - ၆၅၃၄၄၈
ပ - ၈၆၄၆၂၈
ကဈ - ၈၆၅၈၈၀
ယ - ၉၃၇၃၉၄
ဌ - ၉၇၂၈၂၃

### ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

ကဂ - ၁၂၈၆၀၃
ကက - ၁၆၇၀၄၃
ကပ - ၂၂၂၂၂၈
က - ၂၃၅၈၂၀
ကဍ - ၂၉၇၀၆၅
ကက - ၃၂၅၇၈၉
ကစ - ၃၇၄၂၉၉
ကဂ - ၄၃၅၈၁၃
ကဌ - ၄၄၅၈၈၁
ဠ - ၄၇၀၆၅၂
ပ - ၄၉၈၀၂၄
စ - ၅၂၀၂၆၀
ကက - ၆၁၇၁၂၂
သ - ၆၄၉၈၆၁
ကပ - ၆၄၉၉၃၅
ဎ - ၆၅၂၆၀၂
ကခ - ၇၃၇၀၅၆
ကထ - ၇၈၇၃၆၆
ကဌ - ၈၀၉၉၄၃
ဍ - ၈၂၅၆၅၁
ဏ - ၈၆၃၅၉၆
ဠ - ၉၉၁၅၄၄
ကဒ - ၉၉၅၂၇၉

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဌ - ၀၀၉၅၀၇ | ကဝ - ၂၉၀၄၄၆ | ဌ - ၄၇၉၀၈၈ | ကည - ၅၉၄၈၇၅ | ကာ - ၇၇၄၀၈၈ |
| ထ - ၀၉၀၇၅၅ | ဓ - ၉၀၀၇၀၀ | ဒ - ၅၂၉၇၀၂ | ကဋ - ၆၀၀၀၇၇ | မ - ၈၈၉၀၂၂ |
| ကဂ - ၂၂၅၃၀၆ | ရ - ၉၄၇၇၂၆ | ကဓ - ၅၇၃၉၀၄ | ဈ - ၆၈၄၃၀၇ | ဘ - ၉၀၄၂၀၄ |
| ကဃ - ၂၂၈၅၃၄ | ရ - ၉၄၀၅၀၆ | ကဏ - ၅၃၈၅၄၅ | ဌ - ၇၀၅၇၉၄ | ဃ - ၉၈၅၀၂၆ |
| ကဏ - ၂၆၃၄၈၄ | ဘ - ၄၀၂၈၂၈ | ကပ - ၅၆၅၇၃၄ | ဿ - ၇၁၈၄၀၂ | |
| ကရ - ၂၈၀၃၄၀ | ယ - ၄၅၈၄၁၈ | ကဓ - ၅၆၉၆၀၂ | ၎ - ၇၄၈၅၁၄ | |

## ဓေဓေဓေဓေဓေဓေဓေ ဆုမဲစနစ်

### ဓေဓေဓေဓေဓေဓေဓေ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| သ - ၁၃၃၅၆၄ ([illegible]) | ဓ - ၆၃၆၇၉ ([illegible]) |
| ဝ - ၂၁၈၂၆ ([illegible]) | ကထ - ၇၂၀၅၈ ([illegible]) |
| ထ - ၄၃၉၁၆ ([illegible]) | ဌ - ၇၇၅၀၆ ([illegible]) |
| ရ - ၁၃၁၃၇၆ ([illegible]) | ကစ - ၉၂၀၀၅ ([illegible]) |
| ထ - ၆၀၇၉၅ ([illegible]) | ဆ - ၉၃၆၃၁ ([illegible]) |
| ဖ - ၆၃၃၀၂ ([illegible]) | ကထ - ၉၉၁၂၆ ([illegible]) |

[illegible] - ကျပ်(၃)သိန်း

### ဓေဓေဓေဓေဓေဓေဓေ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကစ - ၁၁၆၀ ([illegible]) | ကဌ - ၇၂၀၈ ([illegible]) |
| မ - ၃၆၄၅ ([illegible]) | ဗ - ၇၂၂၂ ([illegible]) |
| မ - ၃၉၂၂ ([illegible]) | ဆ - ၈၅၆၃ ([illegible]) |
| ရ - ၁၄၁၈ ([illegible]) | ဏ - ၈၆၉၀ ([illegible]) |
| ထ - ၆၁၈၈ ([illegible]) | ကဋ - ၉၀၀၀ ([illegible]) |
| ကထ - ၆၇၉၄ ([illegible]) | ဏ - ၉၃၃၃ ([illegible]) |

[illegible] - ကျပ်(၂)သိန်း

### ဓေဓေဓေဓေဓေဓေဓေ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ယ - ၁၈၈ ([illegible]) | ခ - ၀၂၆ ([illegible]) | ကထ - ၇၄၄ ([illegible]) | ဓ - ၈၃၃ ([illegible]) |
| ကစ - ၂၀၉ ([illegible]) | စ - ၄၀၉ ([illegible]) | ဗ - ၇၃၀ ([illegible]) | န - ၉၃၃ ([illegible]) |
| ကက - ၂၃၀ ([illegible]) | ထ - ၆၀၀ ([illegible]) | န - ၇၈၁ ([illegible]) | ကက - ၉၃၃ ([illegible]) |
| ရ - ၂၇၅ ([illegible]) | ဖ - ၁၀၄ ([illegible]) | | |

[illegible] - ကျပ်(၁)သိန်း

### ဓေဓေဓေဓေဓေဓေဓေ ကျပ်(၅)ထောင်ဆုများ

| | |
|---|---|
| ကဌ - ၂၆ ([illegible]) | ကဆ - ၆၉ ([illegible]) |
| ကဋ - ၂၇ ([illegible]) | ကထ - ၇၀ ([illegible]) |
| ဋ - ၂၉ ([illegible]) | ကဌ - ၇၇ ([illegible]) |
| ကရ - ၃၈ ([illegible]) | ဝ - ၇၄ ([illegible]) |
| ကစ - ၄၄ ([illegible]) | ကဏ - ၉၀ ([illegible]) |
| ရ - ၆၃ ([illegible]) | ဝ - ၉၂ ([illegible]) |

[illegible] - ကျပ်(၅)ထောင်

၁။ [illegible]

၂။ [illegible]

၃။ [illegible]

[illegible]

[illegible] www.irdmyanmar.gov.mm [illegible]

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်အေးကြည်

**(ရမ်းဗြဲ/လေးတောင်/ကျောက်တွေ)**

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၉၄)၊ ဂရုဏာ(၂)လမ်း၊ (၅)ရပ်ကွက်နေ (ဦးဘိုးသက်-ဒေါ် မေလှ)တို့၏ သမီး၊ (ဦးညီချေ)၏ ဇနီး၊ (တေးသံရှင်)မိုင်-ဦးမောင်ရင်၊ မနီလာရွှေ-ကိုဝင်းထွဋ်တို့၏ ချစ်လှစွာသော မိခင်၊ (ကျော်ဆန်းမိုး)၊ ရတနာမိုင် (တေးဆို/ရုပ်ရှင်)၊ မြတ်ကိုကိုထွဋ်၊ မြတ်မီမီထွဋ်တို့၏ အဘွားသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည် (မင်းရွာ)

### အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာ၊ ရွှေပြည်ကြီးစက်ဝန်းပိုင်းနေ (ဦးစိန်)၏ဇနီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးအောင်ကြည်(ငြိမ်း)- ဒေါ်တင်တင်နွယ်တို့၏မိခင် ဒေါ်ကြည် အသက်(၈၅)နှစ်သည် ၂၉-၁၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၈)မှ**
**ကျောင်းဆင်းသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး မင်းလှငွေ(ငြိမ်း)

**ကြည်း-၉၇၂၂၊ OTS-29**

**ကာကွယ်ရေးဦးစီးချုပ်၏သူရဲကောင်းလက်မှတ်ရ**

### အသက် (၇၉)နှစ်

(ဆရာမဒေါ်စန်းစန်းရီ)၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမင်းလှငွေ(ငြိမ်း)သည် ၃၀-၁၂-၂၀၁၈ ရက် ည ၇း၄၅ နာရီတွင် အမှတ်(၁) တပ်မတော် ဆေးရုံကြီး၊ ခုတင်-၁၀၀၀ ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-29 မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးခင်မောင်ရင် (ကျိုက်မရော)

**မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း**

### အသက်(၇၈)နှစ်

ဆရာမကြီး ဒေါ်ရီရီ (အထက-၁၊ လှိုင်၊ ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း နေ့စဉ်နံနက်တိုင်း ကျန်းမာရေးလမ်းလျှောက်အဖွဲ့ အဘ ဦးခင်မောင်ရင် (ကျိုက်မရော)သည် ၁-၁-၂၀၁၉ ရက် နံနက် ၁း၁၅ နာရီတွင် ပုဂံမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်နိုင်၊ ဦးခင်မောင်လွင်၊ ဦးလှိုင်အင်း၊**
**ဦးမွန်ကြီး၊ ဦးတင်မောင်နှင့် အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြစန်း အသက်(၇၄)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဗိုလ်မှူးကြီး ရဲဇော်ထွေး၏ မိခင် ဒေါ်မြစန်း အသက်(၇၄)နှစ်သည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓာတုအင်ဂျင်နီယာဌာန**
**တပ်မတော်နည်းပညာတက္ကသိုလ်**

---

## ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ်ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင်ဖြစ်နိုင်ပါသည်။

**ဆီးချိုသွေးချိုရောဂါကြိုတင်ကာကွယ်ပါ**

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။
(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။
(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။
(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။
(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့်စုံအောင်စားပါ။
(၇) တိရစ္ဆာန်မှရသောအဆီများ (ဥပမာ-ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ)တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။
(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင်ကြိုးစား နေထိုင်ပါ။

ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

**တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့်**
**ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျော့နည်း စေနိုင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူ့ဒါယကာကြီး**

## ဦးမြင့်သိန်း (မြိတ်၊ ကော့သောင်း)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းထိပ်၊ အမှတ်(၁၀၀၅)၊ အောက်မင်္ဂလာဒုံလမ်းမကြီးနေ (ဦးသိန်းဟန်-ဒေါ်တင်ကြည်)တို့၏ သား၊ (ဦးအုန်းညှာ-ဒေါ်အုန်းသွေ)တို့၏ သားသမက်၊ (ဒေါ်စိန်တင့်)၏ ခင်ပွန်း၊ ဦးတင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဦးမောင်မောင်ညွန့်၊ ဦးညီညီဝင်း၊ (ဦးညီညီဌေး)၊ (ဦးဘိုနီ)တို့၏ အစ်ကိုကြီး၊ တူ/တူမ ၂၁ ယောက်တို့၏ ဘဘကြီးသည် ၁-၁-၂၀၁၉ ရက် နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူ့ဒါယကာကြီး**

## ဦးမြင့်သိန်း (မြိတ်၊ ကော့သောင်း)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းထိပ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၁၀၀၅)နေ (ဦးသိန်းဟန်-ဒေါ်တင်ကြည်)တို့၏ သား၊ (ဦးအုန်းညှာ-ဒေါ်အုန်းသွေ)တို့၏ သားသမက်၊ (ဒေါ်စိန်တင့်)၏ ခင်ပွန်း၊ ဦးမြတ်ဇင်-ဒေါ်နီလာ၊ ဦးဇော်မြင့်-ဒေါ်ပုလဲ၊ ဦးမျိုးလွင်-ဒေါ်စပယ်၊ ဦးမင်းဇော်အောင်-ဒေါ်စန်းစန်းမွှေးတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး ဒါယိကာမကြီး**

## ဒေါ်ခင်သန့်

### အသက် (၇၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ (ဦးရှိန်-ဒေါ်တင်ဥ)တို့၏သမီး၊ ဝေါမြို့နေ ဦးဟန်တင်-ဒေါ်စောတင်တို့၏သမီးချွေးမ၊ (ဦးစန်းကြွယ်)၏ဇနီး၊ (ဦးသန်းမြင့်)-ဒေါ်စန်းမြင့်၊ (ဒေါ်ခင်စန်းတင့်)၊ ဒေါ်ခင်စန်းရီ၊ ဦးငွေသိန်း-ဒေါ်ထွေးထွေး၊ (ဦးစန်းပွင့်-ဒေါ်ခင်သစ်)တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေ ဦးကိုကိုခိုင်-ဒေါ်ခင်နှင်းဥ၊ ဦးကိုကိုနိုင်-ဒေါ်စန္ဒာအောင်၊ ဦးကိုကိုလှိုင်-ဒေါ်လဲ့လဲ့ထွေး၊ ဦးမောင်တော-ဒေါ်သီသီမြိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပြည့်ဖြိုးကြွယ်၊ မခင်ထက်ထက်ကြွယ်၊ မအေးချမ်းဖြိုး၊ မောင်မြတ်သူခိုင်၊ မောင်ကျော်စည်သူဟိန်း၊ မမြတ်ပေဟသာကို၊ မစွဲ့အမရာအောင်၊ ဆွေရည်ထက်တို့၏အဘွားသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ခင်

### အသက် (၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၅)လမ်း၊ အမှတ်(၈၈/အေ)နေ (ဦးမောင်မောင်-ဒေါ်စောတင်)တို့၏သား၊ (ဦးကုလားကြီး-ဒေါ်စောခင်)တို့၏သားသမက်၊ ဒေါ်လှရွှေ၏ခင်ပွန်း၊ ဦးလှသိန်း-ဒေါ်မြငွေတို့၏မောင်၊ ဦးစန်းမြင့်-ဒေါ်ခင်ညွန့်၊ ဦးချိုကြီး-ဒေါ်လှလှစန်း၊ ဒေါ်အေးအေးသိန်း၊ ဦးဝင်းမြင့်-ဒေါ်အေးအေးငြိမ်း၊ ဦးခင်ဇော်(ငတိုး)-ဒေါ်စောဥမ္မာတို့၏အစ်ကိုကြီး၊ ဦးတိုးအောင်-ဒေါ်အေးမြင့်သူတို့၏မွေးသဖခင်၊ မောင်ကောင်းခန့်ဦး၊ မယွန်းလဲ့အိမ်(လသာ-၂)တို့၏အဘိုးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစန်းဦး(ခ)ဆယ်ပြား

### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေနေ (ဦးခြင်းပို)-ဒေါ်ခင်ခင်ညွန့်တို့၏ သား၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တိုက်(၂၇၀)၊ အခန်း(၆)၊ ကသစ်မြိုင်လမ်းနေ ဦးဌေး-ဒေါ်ခင်ထွေး တို့၏ သားသမက်၊ ဒေါ်ပြုံးပြုံးလှိုင်၊ ဒေါ်ခင်မေရီတို့၏မောင်၊ ဦးတင်ထွန်းနိုင်၊ ဦးအောင်ကိုကိုမျိုးတို့၏ညီ/အစ်ကို၊ မောင်ဘုန်းသံစဉ်ကို၊ မမေရှုမငြိမ်းခင်(ပဉ္စမတန်း-D၊ အထက၊ သုဝဏ္ဏ)၏ ချစ်လှစွာသော ဖခင်၊ ဒေါ်နီနီအောင်၏ ချစ်လှစွာသောခင်ပွန်း ဦးစန်းဦး(ခ)ဆယ်ပြားသည် ၃၁-၁၂-၂၀၁၈ ရက် ညနေ ၆း၃၉ နာရီတွင် ရန်ကုန်သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## စွဲ့လှလှအေး(ခ)အိုသို

### အသက်(၄၆)နှစ်

**M.Sc.(Zool)**

ရန်ကုန်မြို့နေ ဦးအောင်မောင်း-ဒေါ်သိန်းရင်တို့၏သမီး၊ ဦးညွန့်တင်-ဒေါ်ခင်မြတို့၏ သမီးချွေးမ၊ ဦးဘသန်း-စွဲ့ခင်မာဝင်း၊ ဒေါက်တာစဂျေလွင်-စွဲ့မိုးမိုးအေး၊ (ဗိုလ်မှူးမြင့်ဆွေ)-စွဲ့ခင်သန်းဝင်း၊ ဦးအောင်ကျော်စိုး-(စွဲ့အေးအေးမြင့်)၊ ဦးသိမ်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုမီ၊ ဦးသောင်းလွင်-ဒေါ်သန်းသန်းရီ၊ (ဦးစိုးမြင့်အောင်)-ဒေါ်ရီရီဌေးတို့၏ ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈၆/၈၈)၊ အခန်း(၅)နေ ဦးသက်ဦး၏ ချစ်လှစွာသောဇနီး၊ မမိုးသီရိမောင်၊ မခင်သီရိသက် တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင် စွဲ့လှလှအေးသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**ကျောက်ပန်းတောင်းမြို့နယ်အသင်း ကန်တော့ခံ**

## ဦးအောင်ညွန့်

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀၂၆)၊ ပြည်သာယာလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဒေါ်ခွန်ဆိုင်)၏ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်နွယ်နွယ်၊ ဦးပိုက်တင်-ဒေါ်နွဲ့နွဲ့လွင်၊ ဦးမြင့်လွင်-မခင်မမ၊ ဦးအောင်ဆိုင်လွင်-မခင်စန်း၊ (ဦးခင်မောင်စိုး)-မဇင်လေးလွင်၊ ဦးသိန်းဇော်လွင်-ဒေါ်အိဖြူ၊ (ကိုဝင်းလွင်ဦး)-ဒေါ်စန္ဒာမော်၊ ကိုထက်အောင်တို့၏ ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်အမှတ်(၅၀၂)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဆွမ်းဒါယကာကြီး**

## ဦးမြင့်သိန်း(ကော့သောင်း)

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊အမှတ်(၁၀၀၅)၊ အောက်မင်္ဂလာဒုံလမ်းမကြီးနှင့် အောင်သိဒ္ဓိလမ်းထိပ်နေ (ဦးသိန်းဟန်-ဒေါ်တင်ကြည်)တို့၏ သား၊ (ဦးအုန်းညှာ-ဒေါ်အုန်းသွေ)တို့၏သားသမက်၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဦးမြတ်ဇင်-ဒေါ်နီလာ၊ ဦးဇော်မြင့်-ဒေါ်ပုလဲ၊ ဦးမျိုးလွင်-ဒေါ်စပယ်၊ ဦးမင်းဇော်အောင်၊ ဒေါ်မွှေးမွှေးတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးမြင့်သိန်းသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

---

## ဦးစိန်ဝေ(ခ)ဦးခိန့်ဝီ

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ အမှတ်(၄၈)နေ (ဦးဂျီးချိန်-ဒေါ်စိန်ခင်)တို့၏ သားထွေး၊ (ဦးကျော်စိန်)၊ (ဦးအောင်သန်း)၊ (ဦးတင်မြင့်)၊ (ဒေါ်တင်အေး)၊ ဦးချစ်မောင်တို့၏ ချစ်လှစွာသော ညီ/မောင်၊ (ဦးအေးသိန်း)-ဒေါ်နှင်းနှင်းမာတို့၏ ဦးလေး၊ ဒေါ်သန္တာအောင်၊ ဦးရန်နိုင်မင်း၊ ဒေါ်သဥ္ဇာဟိန်း၊ ဒေါ်နှင်းသဥ္ဇာအေး၊ ဒေါ်အေးမြတ်သူ၊ ဒေါ်ကေသီကိုကိုတို့၏ ချစ်လှစွာသော ဘိုးငယ်လေးသည် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဇော်သူရ

### အသက်(၄၅)နှစ်

**B.A (MYANMAR)**
**အထက-၅၊ ဗိုလ်တထောင်**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၁၈)၊ ပထမထပ်(ဝဲ)နေ ဦးလှမြင့်-[ဒေါ်မြင့်မြင့်ဆွေ (အထက-၃၊ စမ်းချောင်း)]တို့၏ သားငယ်၊ ဦးသိန်းလွင်-ဒေါ်စိုးမြင့်၊ (ဦးအောင်သန်း)-ဒေါ်တင်နွယ်အေး၊ ဦးအောင်ကျော်တင့်-ဒေါ်ခင်စန်းကြူ၊ ဒေါ်ခင်ထွေးရီ၊ ဒေါက်တာဒေါ်ခင်အေးမြတ်တို့၏တူ၊ ကိုမြင့်သူရ၏ညီ၊ ဒေါ်ကြည်ကြည်ဝင်းထွန်း (အထက-၃၊ ဗိုလ်တထောင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၁-၂၀၁၉ ရက် နံနက် ၂း၅၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ကျော်သွေး

**ဦးစီးအရာရှိ (သစ်တောဦးစီးဌာန-ငြိမ်း)**

### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၈)၊ ငါးလွှာနေ (ဦးခင်-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဦးဖိုးသင်-ဒေါ်ရွှေကြည်)တို့၏သားသမက်၊ (ဒေါ်တင်တင်)၏မောင်၊ ဦးအောင်မြတ်သူ(ရေနံဓာတု)-ဒေါ်ဝတ်ရည်အောင်(သစ်တောဦးစီးဌာန-ငြိမ်း)၊ ဦးထွန်းထွန်းလင်း (Billin Point Parquest)-ဒေါ်ထက်ထက်အောင်(ပြည်တွင်းရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးဝေဖြိုးအောင်-ဒေါ်ခင်စောမူ(ကုန်စုံဆိုင်၊ အလုံဈေး)တို့၏ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်ကြည်ကြည်နွယ်၏ခင်ပွန်းသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၈)၊ ငါးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမ မရ်ယမ်ဘီ (ခ) ဒေါက်တာဒေါ်ဇင်မြဝေ

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၁၂/၁၁၄)၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဦးမြင့်-ဒေါ်တင်မေ)တို့၏သမီးကြီး၊ (ဦးလှမြင့်)-ဒေါ်ခင်ခင်လေးတို့၏ညီမ၊ David Relf-ဒေါ်ခင်မြင့်မြင့်(လန်ဒန်)၊ (ဒေါ်စမ်းစမ်းမြင့်)၊ ဦးဝင်းမြင့်-ဒေါ်ဖရီဒါ(လန်ဒန်)၊ ဒေါ်သူဇာမိုး(ပြည်သူ့အင်အား)၊ ဦးသန်းဌေး-ဒေါ်ရူဘီတို့၏အစ်မကြီးသည် ၃၀-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးစွန်နီကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးခင်မောင်ရင် (ကျိုက်မရော)

**မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း**

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်အမှတ်(၃၃)၊ အခန်းအမှတ်(၃၀၂)နေ (ဦးဟန်ဒွန်း-ဒေါ်ကျင်မြိုင်)တို့၏ သား၊ (ဦးလွန်းရှိန်-ဒေါ်ငြိမ်းမယ်)တို့၏ သားသမက်၊ ဒေါ်ရီရီ (အထက-၁၊ လှိုင်မြို့နယ်-ငြိမ်း)၏ ခင်ပွန်း၊ ဦးဇော်ဇော်ဆွေ-ဒေါ်လဲ့လဲ့ခိုင်၊ ဦးဟိန်းရာဇာ-ဒေါ်မော်မော်ခိုင်၊ ဦးကျော်ကျော်ခိုင်-ဒေါ်ခင်စန္ဒာခိုင်တို့၏ ဖခင်၊ ဒေါက်တာနှင်းအိအိဇော်၊ မောင်အောင်ကောင်းမြတ်၊ မဿမြတ်သီရိခင်၊ မကယ်ရီခိုင်ဇင်သန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ကျော်စိုး (ပ/၃၁၈၃၊ အောင်ဆန်း-၁၂)

**လ/ထညွှန်ကြားရေးမှူး-ငြိမ်း**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်း**

### အသက် (၆၃) နှစ်

မန္တလေးမြို့၊ နန်းရှေ့နေ [ဦးစိုးမင်း(ကထိက-ငြိမ်း၊ သမိုင်းဌာန)-ဒေါ်အေးဖြူ]တို့၏သား၊ ပုသိမ်ကြီးမြို့နေ ဦးညဏ်လင်းစိုး-ဒေါ်ခင်မာကျော်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ်(၅၈၁)နေ ဒေါ်နွယ်နွယ်အေး၏ခင်ပွန်း၊ ကိုအောင်မျိုးဌေး (တာမွေ၊ ထွေ/အုပ်ရုံး)-မစိုးမွန်နွယ်၊ ကိုကောင်းဟိန်းစိုး(UMG ကုမ္ပဏီ)တို့၏ ဖခင်၊ မကြည်ရှင်းသန့်၊ မအိမ့်မျက်ခြယ်တို့၏ဘိုးဘိုးကြီး ဦးအောင်ကျော်စိုးသည် ၁-၁-၂၀၁၉ ရက် နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဆွေ

### အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၀) ရပ်ကွက်၊ အမှတ် (၇၄၉)၊ ဗိုလ်အောင်ကျော်လမ်းနေ (ဦးသိန်း-ဒေါ်ရီ)တို့၏သမီး၊ ဒေါ်ဌေးဌေးသန်း၏ ညီမ၊ ဦးရဲတင့်-ဒေါ်ငွေသန်းတို့၏အစ်မ၊ မအိအိမွန်၊ မအိဖြူဖြူ၊ မောင်ဇင်မင်းဦး-မလဲ့ယဉ်မြင့်တို့၏မိခင်၊ မောင်ဟိန်းတေဇနိုင်၏အဘွား၊ ဦးစိန်ဌေး(ညွှန်မှူး-ငြိမ်း၊ E.C.C)၏ချစ်လှစွာသောဇနီးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်မြတ်ကျော်

**ဒုညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန**

### အသက် (၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၉)နေ (ဦးကျော်ထွန်း-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးတင်ကို)-ဒေါ်ခင်အုန်းမြင့်တို့၏ သားသမက်၊ ဦးသိန်းအောင်-ဒေါ်ခင်အေးမူ၊ ဦးမိုက်ကယ်(လ်)-ဒေါ်ခင်ကြည်ဝင်း၊ (ဒေါ်ခင်စမ်းပြုံး)၊ ဦးဝေလွင်အောင်-ဒေါ်ဆာတိုမိစံတို့၏မောင်/အစ်ကို၊ ကိုရန်နိုင်ကိုကို-မမေဘယ်(လ်)ပြုံး၊ ကိုအောင်သူရ-မကြည်ငြိမ်းချမ်းတို့၏ဖခင်၊ မောင်ခန့်ဝေရန်နိုင်၊ မီးမီး၊ ပေါင်းပေါင်းတို့၏အဘိုး၊ တူ/တူမ လေးယောက်တို့၏ဦးလေး၊ ဒေါ်အေးအေးပြုံး၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သို့ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း လာရောက်လည်ပတ်သူ များပြား

**မြဝတီ ဇန်နဝါရီ ၁**

ယခုနှစ်၏ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့နှင့် ထိုင်းနိုင်ငံဘက်သို့ လာရောက် လည်ပတ်သူ များပြားလျက်ရှိကြောင်း သိရသည်။

မြဝတီမြို့သို့ ဘုရားဖူးပို့ဆောင်ရေးယာဉ်ကြီးများ ဖြင့် လာရောက်ကြသလို ကိုယ်ပိုင်ယာဉ်များဖြင့်လည်း လာရောက်ကြပြီး ရောက်လာသောဧည့်သည်တိုင်းက ထိုင်းနိုင်ငံ မဲဆောက်သို့ သွားရောက်လည်ပတ်ကြသည်။

**ထိုင်းနိုင်ငံထဲကို သွားလည်**

"အခုရုံးပိတ်ရက်မှာ မြဝတီနယ်စပ်ကို ဘုရားဖူးနဲ့ အလည်လာတဲ့သူတွေများတယ်။ ကျွန်တော့်တည်းခိုခန်း ဆိုရင် ဘွတ်ကင်တွေပြည့်နေပြီ၊ တချို့ဆို အခန်းမရကြ တော့ဘူး။ မြဝတီမြို့အတွင်း လည်ကြသလို၊ တစ်ဖက် ထိုင်းနိုင်ငံကိုလည်း ကားစင်းလုံးငှားပြီး တစ်နေကုန် သွားလည်လို့ရတဲ့အတွက် မြန်မာပြည်အနှံ့ကလာကြသူတွေ များပြားကြတာ ဖြစ်တယ်"ဟု မြဝတီဟိုတယ်မှ မန်နေဂျာ ကိုမိုးက ပြောသည်။

မြန်မာနိုင်ငံအနှံ့အပြားက လာရောက်လည်ပတ် ကြသူများတွင် မိသားစုအလိုက် လာရောက်လည်ပတ်သူများ ရှိသလို **စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ❍**

စာမျက်နှာ ၁၃ ကော်လံ ၄ သို့



နှစ်သစ်ကူးရုံးပိတ်ရက်တွင် မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေစဉ်။




ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားသော နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာ တင်/ချ ဆိပ်ခံတံတားကြီးကို တွေ့ရစဉ်။

# သီလဝါဆိပ်ကမ်းရှိ နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများ မတ်လတွင် စတင်ဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန် မြေကွက်အမှတ်(၂၅)/(၂၆) ဆိပ်ခံတံတားရှိ နိုင်ငံတကာ ဆိပ်ကမ်းလုပ်ငန်းများကို လာမည့်မတ်လတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး(ရန်ကုန်)မှ သိရသည်။

အဆိုပါ ဆိပ်ကမ်းကြီးမှတစ်ဆင့် အထွေထွေကုန်စည် နှင့် ကုန်သေတ္တာများ၊ သီလဝါအထူးစီးပွားရေးဇုန်၏ ပို့ကုန်၊ သွင်းကုန်သဘော်များကို နိုင်နင်းစွာကိုင်တွယ်ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းမှာ သီလဝါဧရိယာ အခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ပထမ အဆင့်)အောက်ရှိ သီလဝါကမ်းနားဒေသ ရန်ကုန်ဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းဖြစ်ကြောင်းလည်း သိရ သည်။

**လုပ်ငန်းများဆောင်ရွက်ပြီးစီးနေ**

သီလဝါအထူးစီးပွားရေးဇုန်၏ သီလဝါဆိပ်ကမ်း မြေကွက်အမှတ်(၂၅)နှင့် (၂၆)တို့၌ နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာ တင်/ချပြုလုပ်နိုင် သောဆိပ်ခံတံတား နှစ်စင်း၊ ဆိပ်ကမ်းဆိုင်ရာအဆောက် အအုံများ၊ ကုန်စည်ကိုင်တွယ်စက်ကိရိယာများ တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုမှာ ယခုအခါတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံး(ရန်ကုန်)မှ သိရသည်။

**စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ❖**

# မြန်မာ-တရုတ် ချစ်ကြည်ရေး နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲ ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁**

ဒုတိယအကြိမ် မြန်မာ-တရုတ် ချစ်ကြည်ရေး နယ်စပ်ဖြတ်ကျော်မာရသွန်ပြိုင်ပွဲတွင် မြန်မာဘက်မှ စာရင်းပေးသွင်း ယှဉ်ပြိုင်သူ ၅၉၆ ဦးရှိရာ ယမန်နှစ်ကထက် နှစ်ဆခန့်များလာကြောင်း မူဆယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ၏ စာရင်းအရ သိရသည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်မာရသွန်ပြိုင်ပွဲကို ရွှေလီမြို့မှစတင်ကာ ရွှေနန်းတော်ဂိတ် မူဆယ်ပြေးလမ်းကြောင်း အတိုင်း ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက စတင်တာလွှတ်ရာ မြန်မာဘက်မှ မာရသွန်ပြိုင်ပွဲတွင် ၄၇ ဦး၊ တာလတ် မာရသွန်ပြိုင်ပွဲတွင် ၅၉ ဦး၊ တာတိုမာရသွန်ပြိုင်ပွဲတွင် ၄၉၀ စာရင်းပေးထားပြီး ပြိုင်ပွဲတစ်ခုလုံးတွင် တရုတ်-မြန်မာ နှစ်နိုင်ငံမှ ပြိုင်ပွဲဝင်ဦးရေ စုစုပေါင်း ၆၉၀၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ✳**



မြန်မာ-တရုတ် ချစ်ကြည်ရေး နယ်စပ်ဖြတ်ကျော်မာရသွန်ပြိုင်ပွဲ ကျင်းပစဉ်။

